
www.burmeseclassic.com




# ဂမ္ဘီရတရှက်

ဒဂွေကျော်ရှိ

www.burmeseclassic.com

www.burmeseclassic.com

'ဒတ္တကျော်စွာ' ဆိုတာ 'ဒဿကျော်စွာ' ရဲ့ ကလောင်ခွဲပါ။ တစ်နည်းပြောရရင် ပရိသတ်ကို ကျေးဇူးဆပ်တဲ့ အခါသုံးတဲ့ နာမည်ပေါ့။ ဒဿကျော်စွာရေးနေကျ ဝတ္ထုမျိုးတွေနဲ့ မတူကြောင်း ပေါ်လွင်စေချင်တဲ့အတွက်လည်း ဒီနာမည်ကို ပြောင်းသုံးရတာပါ။

ဒီဝတ္ထုလေးကို ဖတ်ကြည့်ပါ။ တစ်ခန်းဖတ်ပြီးတိုင်း ဘဝအမောတွေ ပြေပြေသွားတတ်တာ၊ လူ့အဖြစ်ကို နေပျော်တဲ့ ဉာဏ်အလင်းလေး ပွင့်ပွင့်သွားတတ်တာမျိုးကို ခံစားရပါလိမ့်မယ်။

ကျွန်တော်ကိုယ်တိုင်ရေးထားပြီး ကျွန်တော်ကိုယ်တိုင် စိတ်ပူလောင်မှုသောကတွေနဲ့ ကြုံရတိုင်း ဒီဝတ္ထုလေးကို ပြန်ဖတ်ပါတယ်။ ဒါဆို ငြိမ်းချမ်းမှုရသွားတာချည်းပါပဲ။

ပရိသတ်ရဲ့အားပေးမှုကြောင့် ဒဿကျော်စွာဆိုတဲ့ အောင်မြင်မှုလေးတစ်ခုရခဲ့တဲ့အတွက် ပရိသတ်ကို အခု ကျွန်တော့် ရဲ့ ရတနာထုပ်လေးဖြစ်တဲ့ ဒီဝတ္ထုကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဝေငှပါတယ်။

ဒီဝတ္ထုလေးကို ဘဝအမောတွေ ပြေပျောက်စရာ ဆေးစွမ်းကောင်းလေးအဖြစ် အသုံးပြုနိုင်ကြပါစေ။

ဒီဝတ္ထုရဲ့ အမျိုးအစားကိုတော့ တော်တော်ပြောရခက်ပါတယ်။ တစ်ခုနဲ့တစ်ခု နက်နဲသိမ်မွေ့စွာဆက်စပ်နေတဲ့ 'ဂမ္ဘီရစာရွက်' လို့ပဲ နာမည်ပေးလိုက်ပါတယ်။ ဖတ်ဖို့ ခံစားဖို့ တင်မက တွေးကြည့်ဖို့ပါပဲ။

www.burmeseclassic.com

ခုလို 'ဒဿကျော်စွာ' နာမည်နဲ့ရေးတဲ့ စာအုပ်မျိုးတွေကို တော့ တစ်နှစ်မှ တစ်အုပ်လောက်ပဲ ထွက်နိုင်လိမ့်မယ် ထင်ပါ တယ်။ ဖျပ်ခနဲပေါ်လာတတ်တဲ့ ဉာဏ်အလင်းပွင့်မှုမျိုးတွေကို စုင   ဘင်းရေးသား ရတာမို့ပါ။

ဒီထဲက ဓာတ်ကွက်လေးတွေဟာ ကျွန်တော့်ကိုယ်ပိုင် တွေချည်းပဲတော့ မဟုတ်ပါဘူး။ ဖတ်ပြီး သဘောကျမိတဲ့ ကိုင်းတစ်ပါး စာအုပ်တွေထဲကလဲပါတယ်။ အဓိကအားဖြင့်တော့ OSHO ဆီက များပါတယ်။ တစ်ဆက်တည်း ဆရာကြီး OSHO စာအုပ်တွေကို မဖတ်ဘူးသူတွေ ဖတ်ကြည့်ကြဖို့လဲ ညွှန်းလိုပါတယ်။

သူ့ရဲ့ ဓမ္မပဒအကြောင်းရေးထားတဲ့ စာအုပ် ၁၂ တွဲဟာ သိပ်ကောင်းပါတယ်။

ဒီစာအုပ်နဲ့ပတ်သက်ပြီး ပြောချင်ရင်ပဲဖြစ်ဖြစ်၊
ဒဿကျော်စွာနဲ့ ဆက်သွယ်ချင်ရင်ပဲဖြစ်ဖြစ်၊
deatthekyawswar@gmail.com ဆီ
ဆက်သွယ်နိုင်ပါတယ်။



ဒဿကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

# ဂန္ထဝိရစာရွက် (၁)

---

BURMESE CLASSIC

## စီရင်ချက်

www.burmeseclassic.com

www.burmeseclassic.com

မိုးနတ်မင်းကြီးရဲ့ တရားခွင်ဆီမှာပါ။

တရားခန်းမကြီးတစ်ခုလုံးဟာ အသံဗလံပေါင်းစုံနဲ့
ရှုပ်ပွနေတယ်။

အဆုံးအဖြတ်လိုချင်ကြတဲ့ လောကသား များစွာဟာ
ဝင်ကြထွက်ကြနဲ့ပေါ့။

ပဋိပက္ခအားလုံးဟာ မိုးနတ်မင်းကြီးရဲ့ ရှေ့မှောက်မှာ
ကျေပျက်ကုန်တယ်။

ဆန့်ကျင်ပြိုင်ဆိုင်ကြသူ နှစ်ဦးနှစ်ဘက်ရော ဘေးက
ကြားနာရသူတွေပါ ကျေလည်သွားစေအောင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်မင်းကြီး ဖြေရှင်းပုံက မှုတ အချက်ပိုင်ပါတယ်။ ရယ်သူတွေလဲရယ်၊ ငိုသူတွေလဲငို၊ ရဲဝံ့သူ၊ ကြောက်ရွံ့သူ၊ အံ့ဩသူ၊ ဒေါသကြီးသူတွေနဲ့ မိုးနတ်မင်းကြီးရဲ့ တရားခွင်ဟာ စရိုက်အဖုံဖုံ ခံစားမှု အစုံစုံကို တွေ့ရှိလေ့လာရစေတဲ့ နေရာဌာန တစ်ခုပါဘဲ။

ဒီအချိန်မှာ တရားခွင်လာ ပရိသတ်အပေါင်းဟာ စီစီညံနေကြရာက စောင်တစ်ထည်နဲ့ လွှမ်းပစ်လိုက်သလို ရုတ်တရက် ငြိမ်ကျကုန်တယ်။

မိုးနတ်မင်းကြီး ကိုယ်တိုင်ပဲ လည်ဆန့်လို့ တံခါးဝဆီကဲကြည့်မိတဲ့ အထိပါပဲ။

ဘယ်သူ့ကြောင့်လဲ? ဘာဖြစ်လို့လဲ?

တ်ိးတိုးမေးကြတယ်။

သူတို့အတွက် အဖြေကတော့ အဝေးကြီးကထဲက ကြားနိုင်ရတဲ့ အသံတစ်ခုနဲ့အတူ ရောက်ရှိလာပါတယ်။

"ဟောဟဲ... ဟောဟဲ"

နဲ့ ပစ်လဲကျသွားမတတ် အမောဖောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံဟာ အကောင်အထည် မမြင်ခင် အကြာကြီး ကတည်းက ကြားနေရတာပါ။

အားလုံးဟာ အဲဒီအသံကြားရာဆီဘဲ ခေါင်းတွေ လှည့်ပြန် ငေးနေမိကြတယ်။

ဘာကြောင့်များ ဒီလောက် မောကြီးပန်းကြီး ဖြစ်နေသလဲ။

မောနေသူဟာ ဘယ်သူလဲ။

ဆပ်စဉ်းခားနေတုန်းမှာ တရားခွင် တစ်ခုလုံးဟာ အနက်ရောင် အရိပ်တွေနဲ့ တဖြည်းဖြည်း အုံ့ဆိုင်းလို့လာတယ်။

ရောက်လာသူကို မတွေ့ခင်မှာပဲ အားလုံးရဲ့ နှုတ်ဖျားမှ စကားတစ်ခွန်း ထွက်ဆိုမိကြတယ်။

"အမှောင်"

ရောက်လာသူဟာ အမှောင်ပါပဲ။

တရားခွင်ဝ နောက်ဆုံး ကျောက်ဖြူသား လှေကားထစ်ကို နင်းတက်လာအပြီးမှာ 'အမှောင်' ဟာ ချောသောပါးနဲ့ မိုးနတ်မင်းကြီးရှိရာ ပလ္လင်ခြေရင်း

www.burmeseclassic.com

www.burmeseclassic.com



အရောက် ပြေးဝင်လာခဲ့တယ်။

မောနေလက်စ အသံကလဲ မပျောက်သေး။

ငိုကြွေးခြင်းတစ်ဝက်လည်း စွက်တဲ့ တိုင်တည်မှုမျိုးနဲ့ မိုးနတ်မင်းကြီးကို မော်ဖူးရင်း အမှောင်ဟာ မြည်တမ်းလိုက်တယ်။

"အသခြေ နှစ်ကာလပေါင်းများစွာ မောပန်းခဲ့ရသူပါဘုရား၊ တပည့်တော်ကို ကယ်တော်မူပါ"

မိုးနတ်မင်းကြီးက ထုံးစံအတိုင်း မေးရတယ်။

"ဟဲ့ ငါ့ရှေ့ အခစား ရောက်လာတာ ဘယ်သူတုန်း"

"တပည့်တော် အမှောင်ပါဘုရား"

"အေး၊ အမှောင်ဆိုသော မောင်မင်း၊ ဘာများ တိုင်တန်းရန် ရှိပါသတုန်း"

"တပည့်တော် နေမင်းကြီးနဲ့ ပတ်သက်ပြီး တိုင်ချင်လို့ပါဘုရား"

တရားခွင်တစ်ခုလုံး ဝေါကနဲ ဖြစ်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းကြီးဆိုတာ လောကရဲ့ လိုအပ်ချက်၊ မိုးနတ်မင်းရဲ့ အကောင်းဆုံး လက်ရုံးတစ်ဆူ မဟုတ်လား။

မိုးနတ်မင်းကြီးက ကြွက်စိကြွက်စိ ဖြစ်သွားကြတဲ့ ပရိသာတ်ကို လက်ပြ ငြိမ်သက်စေပြီး 'အမှောင်' ကို ဆက်မေးတယ်။

"နေမင်းကြီးက နင့်အပေါ် ဘယ်လို အပြစ်များ ကျူးလွန်လို့တုန်း မောင်မင်း"

"မှန်လှပါ၊ လုံးဝ မတရားပါဘူး ဘုရား"

"အေးပါလေ၊ ဘယ်လို မတရားတာသိမှ ငါ ဖြေရှင်းနိုင်မှာပေါ့"

"နေမင်းကြီးဟာ တပည့်တော်နဲ့ ဘာရန်ငြိုး ရန်စမှ မရှိပါဘဲနဲ့ တပည့်တော်နောက်ကို နေ့စဉ် ရက်ဆက် လိုက်နေပါတယ်ဘုရား၊ သူ့ကြောင့် တပည့်တော်မှာ တပြေးထဲပြေးနေရပါတယ်။ သူက ရက်စက်လွန်းပါတယ် ဘုရား၊ တပည့်တော် ကို နည်းနည်းလေးမှ မညှာတာပဲ အမြဲတန်းကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်ထက်စီးနင်း ပြုနေတာပါ"

"အဲ့ဒီလို ဖြစ်တာ အချိန်ကြာပြီလားဟဲ့"

"ကမ္ဘာဦးကထဲကပါ ဘုရား၊ တပည့်တော်မှာ တစ်ရက်ကလေးမှ မအားရပါဘူး၊ ညရောက်လို့ နားမည်ကြံရုံ ရှိသေး၊ နောက်နေ့နံနက် အာရုဏ် ရောက်တာနဲ့ တပည့်တော်နောက် တရကြမ်းမန်း လိုက်တော့တာပါဘဲဘုရား"

ထူးထူးဆန်းဆန်း ပါဘဲ...

ပြုံးခဲလှတဲ့ မိုးနတ်မင်းကြီးဟာ အသိရခက်စွာ တစ်ချက်ပြုံး လိုက်တယ်၊ ပြီးတော့ လက်ကို ဝှေ့ယမ်း ရင်း...

"အေးလေ၊ ဒီလိုဆိုတော့လဲ တရားနည်းလမ်း တကျ ဖြစ်ရစေမပေါ့၊ ကဲ... ကဲ... ရုံးတော်သား တို့ နေမင်းကြီးကို ဆင့်ခေါ်ကြပါလေ"

မိုးနတ်မင်းကြီးက အဲ့ဒီလို စေခိုင်းလိုက်ပြီး နောက်မှာ အမှောင်ဟာ သူ့စွဲချက်တင်ခြင်းကိစ္စ ပြီးစီး ပြီမို့ ပြန်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် သိပ်မကြာခင်မှာပဲ အခေါ်လွှတ်လိုက်တဲ့ တမန်နဲ့အတူ နေမင်းကြီး ရောက်ရှိလာပါတယ်။

နေမင်းကြီးဟာ မိုးနတ်မင်းကြီးကို ရိုသေစွာ ဝတ်ပြုပြီးနောက်

"တပည့်တော် ခေါ်ရခြင်းအကြောင်းရင်းကို အမိန့်ရှိပါဘုရား"

လို့ မေးလိုက်တယ်။ မိုးနတ်မင်းကြီးက ...

"အေး အဲဒီမှာ မင်းကိုတိုင်ကြားမှု တစ်ခုရောက်နေလို့ကွဲ့"

နေမင်းကြီးက အံ့သြသွားတယ်။

"တပည့်တော် သိရသလောက်တော့ ဘယ်သူ့ကိုမှ အပြစ်မပြုဖူးပါ ဘုရား၊ ဘယ်သူကများတပည့်တော်ကို တိုင်ကြားပါသလဲ"

"အမှောင်က တိုင်ကြားတာမောင်မင်း"

နေမင်းကြီး ဇဝေဇဝါဖြစ်သွားတယ်၊ သူမသိတဲ့ နာမည်တစ်ခု ဖြစ်နေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်မင်းကြီးက စကားကိုဆက်တယ်။

"မောင်မင်းက သူ့နောက် တချိန်လုံးလိုက်ပြီး ဒုက္ခပေး နေတယ်ဆို။ ကမ္ဘာဦးကတည်းကနေ ခုအထိ မောင်မင်းကြောင့် သူ့မှာ တပြေးထဲပြေး နေရသတဲ့၊ အဲ့ဒါ အဟုတ်ပဲလား မောင်မင်း"

နေမင်းကြီးက ခေါင်းကိုသွက်သွက်ရမ်းတယ်။

"အဲဒီအမှောင်နောက် လိုက်ဒုက္ခပေးဖို့ နေနေ သာသာ တပည့်တော် သူ့ကို တစ်ခါမှ မထိတွေ့ မဆက်ဆံဘူးပါဘုရား"

တရားခွင်ရှိသူအားလုံးဟာ စီစီညံညံ ဖြစ်ကုန် ကြတယ်။

မိုးနတ်မင်းကြီးက တရားစီရင်ရာခုံကို လက် ထဲက သစ်သားတူနဲ့ တစ်ချက် ထုလိုက်ရင်း...

"မောင်မင်းပြောတာ အမှန်ပဲလား၊ မောင်မင်းဟာ အမှောင်နဲ့ တစ်ခါမှ မပတ်သက်ဖူးဘူးလား"

"အမှန်ပါဘဲဘုရား တပည့်တော် ကျိန်ဝံ့ပါတယ်။ တပည့်တော်လည်း အမှောင်နဲ့ တွေ့ဖူးချင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တကယ်လို့ တပည့်တော် သူ့ကို ဒုက္ခ ပေးမိတယ် ဆိုရင်လည်း ဝန်ချ တောင်းပန်ပါမယ်။ နောက်မဖြစ်စေဖို့လဲ ကတိပြုပါမယ်။ တပည့်တော်ကို သူနဲ့ မျက်နှာချင်းဆိုင် ဖြေရှင်းခွင့်ပြုပါ"

နေမင်းကြီးပြောတာ တရားနည်းလမ်းကျတာမို့ မိုးနတ်မင်းကြီးဟာ အမှောင်ကို အခေါ်လွှတ်လိုက်ရပြန်တာပေါ့။

ခဏအကြာမှာတော့ ခေါ်ခိုင်းလိုက်တဲ့သူ ပြန်ရောက်လာတယ်။

"ဟဲ့... ငါခေါ်ခိုင်းတဲ့ အမှောင် ပါမလာဘူးလား"

လို့ မိုးနတ်မင်းကြီးက မေးတော့...

"ပါလာပါတယ် ဘုရား၊ တပည့်တော်နဲ့ ထပ်ကြပ်ပါပဲ၊ ဒါပေမယ့် ဒီရောက်မှ ဘယ်ရောက်သွားမှန်းမသိပါဘူး ဘုရား"

ဒီလိုနဲ့ နေမင်းကြီးသာ ဆက်စောင့်နေရတယ်။ အမှောင်က ရောက်မလာပါဘူး။

နောက်ထပ် ကာလပေါင်းများစွာ ကြာ...

www.burmeseclassic.com

www.burmeseclassic.com



အထိလည်း နေမင်းကြီးရဲ့ ရှေ့မှောက်ကို အမှောင် ရောက်မလာနိုင်ပဲ ရှိဆဲပါပဲ။

နောက်ဆုံးမှာတော့ မိုးနတ်မင်းကြီးဟာ စီရင်ချက် တစ်ရပ်ကို ချခဲ့တယ်။

"ဒီအမှုမှာ နေမင်းကြီးဟာ အပြစ်ကင်းတယ်၊ ဘာလို့ဆိုတော့ သူ့ကို စွဲချက်တင်သူဟာ မခိုင်မာလို့ဘဲ၊ အမှောင်ဆိုတာဟာ အလင်းမရှိခြင်းကို ခေါ်ခြင်းသာ ဖြစ်တယ်။ တကယ်တော့ အမှောင်ဆိုတာ မရှိဘူး၊ အလင်းရှိခြင်း၊ မရှိခြင်းမှာ မှီခိုပြီးသာ သူ့ရပ်တည်နေရတာ၊ အလင်း ရောက်လာတာနဲ့ အမှောင်ဟာ တွယ်ပျောက် ရစမြဲပဲ၊ ဒါကြောင့် တကယ်မရှိဘူး။ အမှောင်ရဲ့ စွဲချက် ဟာ ပျက်ပြယ်ပြီ ဖြစ်တယ်။"

မိုးနတ်မင်းကြီးရဲ့ စီရင်ချက်အဆုံးမှာ တစ်လောကလုံးဟာ လက်ခုပ် တီးလိုက်ကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရှက် (၂)

## နဂါးဗမ်းသူနှင့် တွေ့ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com

နဂါးဖမ်းသူဟာ အကြာကြီး စိတ်ရှည် လက်ရှည် စောင့်ဆိုင်းနေတယ်။ ဟိုး… အဝေးတောင်စောင်းဆင်ခြေလျှော အလယ်က တွင်းဝမှာတော့ မြူခိုးတိမ်မျှင်တွေ ယှက်သန်းလို့… ။

နဂါးတစ်ကောင်ဆီက အခိုးအငွေ့တွေပေါ့။

ဒါဟာ တွင်းထဲမှာ နဂါးကြီးတစ်ကောင် ရှိနေတယ်ဆိုတဲ့ လက္ခဏာပါပဲ။ နဂါးဖမ်းသူဟာ အနောက်ဖက် ကောင်းကင်ဆီ မျှော်ကြည့်လိုက်တယ်။ နေဟာ တောင်စွယ် အကွယ်ဘက်ဆီ ဦးတည် ရွေ့လျားစပြီ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်နည်းနည်း ကြာသွားရင် နေဝင်ပြီး အလင်းရောင် ကွယ်ပျောက်တော့မယ်။ ဒီပုံအတိုင်းဆို နဂါးဟာ ဒီနေ့လည်း တွင်းထဲက ထွက်လာမယ့်ပုံ မရှိဘူးပေါ့။

နဂါးတွေဟာ နေရောင်ရှိနေချိန်မှပဲ တွင်းထဲက ထွက်တတ်ကြတယ်။ ဒါ သူတို့ရဲ့ အလေ့အထပဲ။ ပြီးတော့ နဂါးတစ်ကောင်ဟာလည်း ရက်သတ္တနှစ်ပတ်လောက်ကြာမှ တစ်ကြိမ်သာ ထွက်လာတတ်ကြတယ်။ အကြောင်းကတော့ အစာရှာဖို့ပါပဲ။

နဂါးအမျိုးမျိုးရှိတယ်။ တစ်ချို့က ဆိတ်လို နွားလို သားကောင်မျိုးတွေ စားတယ်။ အဲ့ဒါမျိုးက မြွေအကြီးစားတွေပဲ။ အဆင့်အမြင့်ဆုံးဖြစ်တဲ့ နဂါးမျိုးကတော့ တိမ်ညွန့်တွေကိုသာ စားတယ်။ အဲ့ဒီလို နဂါးမျိုးက အရှားပါးဆုံးဖြစ်သလို **အစွမ်း**လည်း အမြင့်ဆုံးပဲ။ ဖမ်းဖို့လည်း မလွယ်ဘူး။

သူတို့ကို ဖမ်းချင်ရင် တွင်းဝက ထွက်စအချိန်ဟာ အကောင်းဆုံးပဲ။ တွင်းထဲနဲ့တွင်းပြင် အလင်း

www.burmeseclassic.com

www.burmeseclassic.com



ရောင်ချင်း မတူတာကြောင့် သူတို့ အမြင်အာရုံတွေ ဝေဝါးနေတတ်တယ်။ ဒါကြောင့် နဂါးမျှားသူတွေအဖို့ အဲဒီလို အချိန်မျိုးကို ရွေးပြီး ဖမ်းဆီးတတ်ကြတယ်။

ဒါပေမယ့် အဲဒီအချိန်မျိုးဟာ အန္တရာယ်လည်း ကြီးတယ်။

ဆာလောင်မွတ်သိပ်နေလို့ ဒေါသကြီးနေတဲ့ နဂါးတွေဟာ မီးနဲ့ မှုတ်တာမျိုး၊ အစွယ်နဲ့ ပေါက်တာ မျိုးကို ပြင်းပြင်းထန်ထန် လုပ်တတ်ကြတယ်။ အဲဒါမျိုး ကို အလေ့အကျင့်လည်းရင့်၊ အတွေ့အကြုံလည်း ရင့်တဲ့သူတွေမှပဲ ရှောင်နိုင်တာပါ။

နဂါးဖမ်းသူကတော့ ဒီအန္တရာယ်တွေ မမှု တော့ဘူး။

သူ့အဖို့က တစ်သက်လုံးလုပ်နေကျ ဖြစ်လို့ သိပ်လွယ်သွားပြီ မဟုတ်လား။ သူက တော်ရုံနဂါးမျိုး ကို မဖမ်းတော့ဘူး။ တန်ဖိုး အထိုက်ဆုံးဖြစ်တဲ့ တိမ်ညွှန့်စား နဂါးမှ... ။

အခုလဲတိမ်ညွှန့်စား နဂါးတစ်ကောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဖို့ နဂါးတွင်းနဲ့ မလှမ်းမကမ်းမှာ လက်နက်ကိရိယာ အစုံအလင်နဲ့ သူ စောင့်ဆိုင်းနေတာ ဖြစ်ပါတယ်။ နဂါးဖမ်းသူဟာ နေကို နောက်တစ်ကြိမ် ထပ်ကြည့်လိုက်ရင်း ခေါင်းပြန်အငုံ့မှာ သူ့ဝဲဘက် အရပ်က တောင်စဉ်တန်းတွေဆီပါ မျှော်ကြည့်မိတယ်။

အဲ့ဒီတောင်တန်းတွေ အလွန်မှာ နဂါးကျောက်တွေနဲ့ ဆောက်ထားတဲ့ သူရဲ့အိမ်ဂေဟာကြီး ရှိတယ်။ ခုချိန်လောက်ဆို သူ့အိမ်သူဇနီးဟာလည်း ဂေဟာရှေ့ လှေကားထစ်တွေမှာ ထွက်ရပ်ရင်း သူ့ကို မျှော်နေလောက်ရောပေါ့။

ဒီနေ့လည်း နဂါးဖမ်းမရလာခဲ့တာ သိရင် သူမ စိတ်ပျက်သွားလေမလား။

ဘာပဲဖြစ်ဖြစ် သူ့အိမ်သူဟာ လိမ္မာရေးခြားရှိတဲ့ သူတစ်ယောက်ပဲ။ သက်ပြင်းလေး တစ်ချက်ချရုံကလွဲလို့ သူ့ကို ဘာမှ မြည်တွန်တောက်တီး မနေမှာ ကျိန်းသေတယ်။ စိတ်ပင်ပန်းလာတဲ့ သူ့ကိုတောင် စိတ်ဖြေစကားတွေ ပြောလိမ့်ဦးမယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



နပါးဖမ်းသူဟာ နဂါးတွင်းဝမှာ ဆင်ထားတဲ့ လက်နက် ကိရိယာတွေကို စတင် ဖြုတ်သိမ်းလို့ တဖြည်းဖြည်း သိမ်းဆည်း နေလိုက်တယ်။ နေရောင် ကွယ်သွားလို့ အမှောင် စတင်လာတာနဲ့ သူ ပြန်တော့ မယ်လေ။

ဒီအချိန်မှာပဲ ခပ်ဝေးဝေးက သဏ္ဍာန်တစ်ခု ကို သူ သတိပြုလိုက်မိတယ်။ ဒါကြောင့် သူ့လုပ်လက် စကို ရပ်ပြီး စူးစမ်းတယ်။

လူတစ်ယောက် ပြေးလာနေတာပါ။

သူ့ဆီလာတာတော့ မဟုတ်ဘူး၊ ဘေးဘက် က တစ်စုံတစ်ရာကို ကြည့်ရင်း အပြေးပြိုင်သလို ပြေး နေတာဖြစ်တယ်။ ဒါပေမယ့် သူပြေးတဲ့ လမ်းကြောင်း က ဒီဘက်တည့်တည့်ကို ဦးတည်နေတယ်။

ဒီနေရာက လူသူအရောက်အပေါက် နည်းတဲ့ နေရာမျိုးမို့ နဂါးဖမ်းသူ စိတ်ဝင်စားသွားတယ်။

ပြေးလာသူဟာ သူနဲ့ သက်တူရွယ်တူ သက် လတ်ပိုင်းလောက်ပဲ ရှိဦးမယ်။ အဝေးက မြင်ရရုံနဲ့ တင်

www.burmeseclassic.com

www.burmeseclassic.com



မောကြီးပန်းကြီးဟန်က သိသာနေတယ်။

ကြည့်နေရင်းကပဲ ပြေးလာသူရဲ့ သဏ္ဌာန်ဟာ ပိုထင်ရှားလာတယ်။

တစ်ကိုယ်လုံး ချွေးတွေနဲ့ စိုရွဲလို့ ဆံပင်တွေကို အနောက်မှာ စုပြီး စည်းနှောင်ထားတယ်။ အသားက မဖြူမညို မျက်လုံးတွေက စူးစူးရှရှ၊ အဲဒီ စူးစူးရှရှ မျက်လုံးတွေဟာ ဘေးဘက်ကိုပဲ တစ်စိုက်မတ်မတ် ကြည့်ရှုလာတယ်။

နဂါးဖမ်းသူဟာ ဘာကိုများ ကြည့်ပါလိမ့်လို့ လိုက်ရှာဖွေတယ်။

တစ်အောင့်လောက်ကြာမှ ပြေးလာသူ ကြည့်တာ တောင်ပို့တွေပါလားဆိုတာ သတိပြုမိသွားတယ်။

တောင်ပို့တွေရဲ့ အဝမှာတော့ ဖွတ်တွေ တစ်ကောင်စီဟာ ခေါင်းပြူလို့။ ဖွတ်တစ်ကောင်ကို ကျော်ပြီးတာနဲ့ ပြေးလာသူဟာ မျက်နှာ ခပ်မော့မော့ ဖြစ်သွားတယ်။ ဒါပေမယ့် ရှေ့ခပ်လှမ်းလှမ်းက တောင်ပို့နားရောက်လို့ နောက်ထပ် ခေါင်းပြူ ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ဖွတ်တစ်ကောင်ကိုလဲ တွေ့ရော သူ့မျက်နှာ ပုတ်သိုးပြီး ပြေးလက်စ အရှိန်ကို တင်တော့တာပါပဲ။

အဲဒီတောင်ပို့ကို ကျော်သွားတဲ့အထိ သူ ကျော်လာခဲ့တဲ့ တောင်ပို့ထဲကဖွတ်ဟာ တွင်းထဲ နောက်ဆုတ် ပြန်ဝင်သွားတဲ့ အထိပေါ့။

ဒါပေမယ့် ဖွတ်ရှိတဲ့ တောင်ပို့တွေက မဆုံး ဘူး မဟုတ်လား။

သူ့ရဲ့ ပြေးလမ်းကြောင်းဟာလဲ ဘယ်မှာ အဆုံး သတ်တော့ပါမလဲ။

ပြေးလာရင်းသားကပဲ သူဟာ နဂါးဖမ်းသူနား ရောက်လာတယ်။ ပြီးတော့ နဂါးဖမ်းသူ သတိ မပေး လိုက်နိုင်ခင်မှာပဲ သူဟာ နဂါးဖမ်းဖို့ ဆင်ထားတဲ့ လက်နက်ကိရိယာတွေနဲ့ တိုက်မိပြီး မှောက်ရက်လဲပါ လေတော့တယ်။

ဒီလောက်အရှိန်နဲ့ လဲတာတောင် ပြေးနေသူ ဟာ နာကျင်ပုံမပြဘူး။ ချက်ချင်း လူးလဲထ,ပြီး ထပြေး ဖို့ လုပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ နဂါးဖမ်းသူက လှမ်းဆွဲထားလိုက်ရပါတယ်။

"ဟေ့လူ၊ ခင်ဗျား ဘာလုပ်ဖို့ ဒီလောက် ပြေးနေရတာလဲဗျ၊ မမောဘူးလား"

"ဟာ၊ ကျုပ် ဖွတ်နဲ့အပြေးပြိုင်နေတာဗျ"

ပြောရင်း ဆက်ပြေးဖို့ လုပ်ပြန်တယ်။ ဒါပေမယ့် နဂါဖမ်းသူက လက်ကိုလွှတ်မပေးဘူး။ နဂါးတောင်ဖမ်းလာတဲ့လက်ဆိုတော့လည်း ပြေးလာသူ ဘယ်ရုန်းနိုင်ပါ့မလဲလေ။

"ဖွတ်ဆိုတာ ဒီလောက်နှေးတဲ့ သတ္တဝါတွေဗျာ၊ ခင်ဗျား အပြေးပြိုင် နေဖို့များ လိုသေးလို့လား"

"ခင်ဗျားကသာ နှေးတယ်ပြောနေ၊ တောင်ပို့တစ်ခုထဲဝင်သွားလိုက် နောက်ရှေ့ခပ်လှမ်းလှမ်းက တောင်ပို့တစ်ခုဝနား ထပ်ပေါ်လာလိုက်နဲ့ သူမြေအောက်ကပြေးနေတာတောင် မြေပေါ်က ကျုပ် လိုက်လို့မမှီဘူး။ တဲ... ဖယ်ပါဗျာ၊ ဟိုးဟိုတောင်ပို့ကနေ ဒီကောင် ကျုပ်ကို လှမ်းပြောင်

www.burmeseclassic.com



ပြနေပြီ၊ ကျုပ် ဒီကောင့်ကို ကျော်အောင်ကို ပြေးမှ ဖြစ်မှာ"

"ခင်ဗျား တော်တော်ရူးတဲ့လူပဲ၊ ဘဲ့ဒါ ဖွတ်တစ်ကောင်တည်း မဟုတ်ဘူးဗျ၊ တောင်ပို့တိုင်းမှာ ဖွတ်တစ်ကောင်စီ ရှိတယ်။ ခင်ဗျားကျော်ခဲ့တဲ့ ဖွတ်က ကျန်ခဲ့ပေမယ့် ရှေ့တောင်ပို့မှာဒတော့ နောက်ထပ် ဖွတ်တစ်ကောင်က ပြူတစ်ပြူတစ် လုပ်နေမှာပဲ။ ခင်ဗျား ပြောသလို ပြောင်ပြနေမှာပဲ ပေါ့ဗျာ၊ ဒါပေမယ့် အဲ့ဒီလို ဖွတ်တွေ အားလုံး ကျော်အောင်သာ ခင်ဗျား လိုက်ပြေးနေရင် သေသာသွားမယ်၊ ဘယ်တော့မှ ဆုံးမှာ မဟုတ်ဖူးဗျ"

ပြေးလာသူ အံ့အားသင့်သွားတယ်။

"ခင်ဗျားပြောတာ တကယ်ပဲလား"

"တကယ်ပဲပေါ့ဗျ၊ ခင်ဗျားအတွက် ကျုပ်စေတနာနဲ့ ပြောနေတာ၊ ခင်ဗျားလုပ်နေတာတွေက တကယ့်ကို အဓိပ္ပါယ် မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသူ နည်းနည်း စဉ်းစားသွားတယ်။

"အေးလေ၊ ခင်ဗျားပြောတာ လက်တော့ ခံချင်စရာပါပဲ၊ အခုက မှောင်လဲသွားပြီ ဆိုတော့ သေချာတာ ဒီနေ့အဖို့လဲ ဆက်ပြေးဖို့ လုံးဝ မဖြစ်နိုင်တော့ပါဘူး"

သူတို့ စကားပြောနေတုန်းမှာပဲ နေမင်းကြီးဟာ တောင်တန်းတွေနောက် ငုံ့လျှိုးစ ပြုနေပါပြီ။ နဂါးဖမ်းသူက သူ့ပစ္စည်းတွေ လက်စသတ် သိမ်းဆည်းရင်း စကားကို ဆက်တယ်။

"ကျုပ်ကို ယုံပါဗျာ၊ ကျုပ်က ဒီနယ်တဝှမ်းမှာ နာမည်တစ်လုံးနဲ့ နေတာပါ၊ မဟုတ်မမှန်တာ ကျုပ်မပြောပါဘူး"

"ဟုတ်လား၊ ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က နဂါးဖမ်းသမားလေဗျာ၊ ဟိုးဘက် တောင်တန်းတွေ အကျော်က စံအိမ်နီကြီးဟာ ကျုပ်အိမ်ပေါ့"

"ဪ ဟို ကျောက်နီကြီးတွေနဲ့ ဆောက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပြောတာလား၊ ရဲတိုက်ကြီးလို သိပ်ခမ်းနားတာပဲလေ"

ပြေးနေသူရဲ့ စကားကြောင့် နဂါးဖမ်းသူရင်ကော့ ခေါင်းမော့ သွားတယ်။

"ဒါပေါ့ဗျ၊ အဲ့ဒါ ကျုပ်ကိုင်တိုင် ဆောက်ထားတဲ့ ကျုပ်အိမ်ပေါ့"

"ခင်ဗျားအိမ်က ဘာကျောက်တွေနဲ့ ဆောက်တာလဲဗျ၊ သိပ်ကြည့်လို့ကောင်းတာပဲ၊ ဒါမျိုး မတွေ့ဖူးဘူး"

"အဲ့ဒါ နဂါးကျောက်တွေနဲ့ ဆောက်တာလေ၊ နဂါးတွင်းထဲက ရတဲ့ ကျောက်တွေပေါ့၊ နဂါးရဲ့ အခိုးတွေကြောင့် ရိုးရိုးကျောက်တွေထက် ပိုမာပြီး တောက်ပြောင်နေတယ်၊ ကျုပ်က နဂါးကို ဖမ်း ပြီးမှ သူနေတဲ့တွင်းက အဲ့ဒီကျောက်တွေကို ယူရ တာ၊ တခြားသူ ဒါမျိုး ဘယ်ယူလို့ ရမှာလဲဗျ"

"ဩော် ဒါဆို ခင်ဗျားအလုပ်က တော်တော်တွက်ချေကိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. တွက်ချေကိုက်တာတော့ မပြောနဲ့ဗျို့၊ လောကမှ ဒီလောက်ကောင်းတဲ့ အလုပ်မရှိဘူး၊ နဂါးတစ်ကောင် ဖမ်းပြီးရင် နဂါးရိုး၊ နဂါးစွယ်၊ နဂါးကြေးခွံ၊ နဂါးအသားမျှင် အားလုံးဟာ ရောင်းလို့ရတယ်။ ရောင်းတာမှနော် ဈေးကောင်း ရတာချည်းပဲ၊ ပြီးတော့ နဂါးတွင်းတွေမှာ ပတ္တမြားလဲ ရှိတယ်ဗျ"

နဂါးဖမ်းသူဟာ ပြေးလာသူကို ဘာကြောင့်ရယ်မသိ ခင်မင်သွားပြီး သူ့အကြောင်းတွေ စိတ်လိုလက်ရ လျှောက်ပြောနေမိတယ်။

"ဟုတ်လား၊ နဂါးတွင်းတိုင်းမှာ ပတ္တမြား ရှိသလားဗျ"

"တွင်းတိုင်းတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် သုံးလေးတွင်းမှာ တစ်တွင်းလောက်က တကယ့် အဖိုးထိုက် အဖိုးတန်ပတ္တမြား ရှိနေတတ်တယ်"

"ဒါဆို ဘာလို့ လူတိုင်း နဂါးမဖမ်းကြလဲ"

"မလွယ်ဘူးလေဗျာ၊ ဒီပညာကိုလဲ နဂါးဖမ်းသူ

www.burmeseclassic.com



အစဉ်အဆက်က လို့ရှက်ထားခဲ့ကြတာ၊ အဖေက
သားကိုမှ လက်ဆင့်ကမ်းတတ်တယ်၊ ပြီးတော့
အန္တရာယ်လဲ သိပ်ကြီးတာကိုး၊ ကျုပ်အဖေတောင်
နဂါးဖမ်းရင်းနဲ့ အသက်ဆုံးရကာဗျ"

"ဒါနဲ့ ခင်ဗျားရော ပတ္တမြား ဘယ်နှစ်လုံးလောက်
ရဖူးလဲ"

"အတိအကျတော့ ကျုပ် မပြောချင်ဘူးဗျာ၊ ဒါပေ
မယ့် ဒီနယ်တလွှားမှာ ကျုပ်အချမ်းသာဆုံး ဖြစ်နေ
တာကိုပဲ ခင်ဗျား မှန်းစားကြည့်တော့"

"ဒီလောက် ချမ်းသာတာများဗျာ၊ ဘာလို့ ဒီနယ်စွန်
ပယ်စွန်မှာ နေသလဲ၊ မြို့ကြီးပြကြီး သွားနေပါ
လား"

"မရဘူးဗျ၊ ကျုပ်အလုပ်ကြောင့် ဒီနဂါးတွင်းတွေနဲ့
နီးတဲ့နေရာ နေရတာပေါ့"

သူတို့ ပြောနေရင်းနဲ့ နေဟာ လုံးဝ ဝင်သွား
ပါပြီ၊ နေဝင်တယ် ဆိုရင်ပဲ အပူဓာတ်က လျော့ပါးပြီး၊
အအေးဓာတ်က ကဲလာတယ်၊ တိုက်ခတ်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



လေပြည်အေးအေးမှာ သက်တောင့်သက်သာ ထိုင်ရင်း နှစ်ယောက်သား စကားတွေ ဆက်ပြောနေကြပါ တယ်။

"ကျုပ် ခုန ပြေးလာတုန်းက တွေ့ခဲ့တယ်ဗျ၊ ခင်ဗျား အိမ်ရဲ့ အဝမှာ မိန်းမတစ်ယောက် ရပ်နေတယ်၊ အဲ့ဒါ ခင်ဗျား မိန်းမလားဗျ"

"ဟုတ်တယ်ဗျ"

"ခင်ဗျားက မိန်းမရ တော်တော် ကံကောင်းတာပဲ ဗျ၊ ခင်ဗျား မိန်းမက တော်တော် ချောတယ်"

နဂါးဖမ်းသူဟာ မျက်လုံးတွေ အရောင် တောက်သွားတယ်။ သူ့ဇနီးကိုလဲ သူဟာ နဂါးတွင်း ထဲက ရခဲ့တာပါ။ ဒီအကြောင်းကိုလဲ သူဟာ ပြေးလာ သူကို ပြောပြမိတယ်။

"နဂါးမျိုး ၁၉၉မျိုး ရှိတဲ့အထဲမှာ၊ အသားစား နဂါးမျိုးက အဆင့်နိမ့်ဆုံးပဲဗျ၊ မြွေသာသာ ကောင် တွေပေါ့၊ ကျုပ်က ဒီကောင်တွေကို တန်းဖိုး သိပ် မရှိလို့ ဖမ်းလေ့ မရှိဘူး၊ တစ်နေ့တော့ အဲ့ဒီလို အဆင့်နိမ့် နဂါးမျိုးနေတဲ့ တွင်းကို ကျုပ်က ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းနေကြ တိမ်ညွန့်စား နဂါးနေတဲ့တွင်း အောက်မေ့ပြီး သွားမျှားလိုက်မိတာ၊ အသားစားနဂါး တစ်ကောင် ထွက်လာရော၊ မထူးတော့တာနဲ့ ကျုပ်လဲ သပ်လိုက်ရတာပေါ့၊ အဲ့ဒီ နဂါးတွင်းထဲမှာ ကျုပ် ဇနီးလောင်းက အဖမ်းခံထားရတာဗျ၊ သတ်စားဖို့ အကြံနဲ့ပေါ့လေ၊ ဒီလိုနဲ့ ကျုပ်လဲ သူ့ရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်သွားပြီး သူနဲ့ ဖူးစာဆုံခဲ့ရောပေါ့ဗျာ"

"ခင်ဗျားတို့မှာ သားသမီး မရှိဘူးလားဗျ၊ ခုန ကျွန်တော် တွေ့ခဲ့တော့ စောင့်နေတာ သူ တစ်ယောက်တည်းရယ်"

"ကျုပ် မိန်းမက သားသမီး မထွန်းကားနိုင်တော့ဘူးဗျ"

"ဘယ်လို ဖြစ်ရတာလဲဗျာ၊ စိတ်မကောင်းစရာ..."

"ကျုပ်ဖမ်းလာတဲ့ နဂါးတစ်ကောင်ကို သူ ကူဖျက်ပေးရင်း နဂါးသည်းခြေအိတ် ပေါက်သွားမိပြီး၊ သည်းခြေရည် နည်းနည်း သူ့ပါးစပ်ထဲ ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



လို့လေ၊ အဲ့ဒီ သည်းခြေရည်က မိန်းမတွေ မြူစေတယ်ဗျ"

"ဪ... ဖြစ်ရလေဗျာ"

မိုးချုပ်စ ပြုလာပါပြီ၊ ပြောစရာ စကားလဲကုန်ပြီမို့ နှစ်ယောက်သား ပြန်ကြဖို့ ပြင်တယ်။

နဂါးဖမ်းသူဟာ သူ့ပစ္စည်း ကိရိယာ အားလုံးကို အပြီးသတ် သိမ်းဆည်း ပြီးသွားပါပြီ။ သူက နဂါးတွင်းနဲ့ မလှမ်းမကမ်းမှာ ထားထားတဲ့ အနီစကြီးကို သွားရုတ်လာတယ်။ ရိုးရိုးအဝတ်စ မဟုတ်ဘဲ တိရစ္ဆာန်တွေရဲ့ သားရေစကို ပေါင်းစပ်လုပ်ထားတာမို့ တော်တော် လေးပါတယ်။ ဒါကြောင့် ပြေးလာသူကပါ ကူသယ် ပေးရတယ်။

"ဒါကြီးက ဘာလုပ်ဖို့လဲဗျ"

"နဂါးတွေကို မျှားဖို့လေ၊ နဂါးတွေက အနီရောင်ကို သဘောကျတယ်၊ ပြီးတော့ တိရစ္ဆာန် သားရေနံ့ကိုလည်း ကြိုက်တယ်ဗျ၊ နို့မို့ဆို တွင်းထဲက ထွက်လာတာနဲ့ ကောင်းကင်ပေါ် ပျံတက်သွား

www.burmeseclassic.com

www.burmeseclassic.com



တတ်တာ၊ ဒါနဲ့ မှားထားတော့ ဒီပေါ် လူးလွန့်နေတဲ့ အချိန် ဖမ်းရ လွယ်တာပေါ့ဗျာ”

ပြေးလာသူဟာ နည်းနည်း စဉ်းစားသွားတယ်၊ ပြီးတော့ နဂါးဖမ်းသူ မထင်မှတ်တဲ့ မေးခွန်းတွေ မေးတော့တယ်။

“ခင်ဗျားက နဂါးတွေကို မှားတယ်လို့ ပြောတယ်နော်”

“အင်းလေ”

“ခင်ဗျားက နဂါးတွေကို မှားတာလား၊ နဂါးတွေက ခင်ဗျားကို မှားနေတာလား”

“ဟာ ကျုပ်က မှားတာပေါ့ဗျ၊ အသိသာကြီးပဲ”

“မဟုတ်ဘူးနဲ့တူတယ်၊ နဂါး အကောင်ရေ နည်းနည်းကတော့ ခင်ဗျားကြောင့် သေကောင်းသေမယ်၊ ဒါပေမယ့် နဂါးတွေက အများကြီး မကုန်နိုင်ဘူး၊ သူတို့ကြောင့်... သူတို့ကို ဖမ်းချင်လို့ ခင်ဗျား ဒီအရပ်မှာပဲ နေရတယ်၊ နဂါးဖမ်းရင်းနဲ့ပဲ ခင်ဗျား အဖေလဲ သေတယ်၊ နဂါးဖမ်းရင်းနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ဖူးစာဖက်ကို တွေ့တယ်။ နဂါးတွေကြောင့်ပဲ ခင်ဗျား ချမ်းသာတယ်၊ ပြီးတော့ အဲဒီ နဂါးတွေကြောင့်ပဲ ခင်ဗျားတို့မှာ ရင်သွေးရတနာ မရနိုင်တော့ဘူး၊ အဲဒီတော့ နဂါးတွေဟာ ခင်ဗျားကို ကောင်းတာရော ဆိုးတာရော ဖြစ်စေတယ်။ ခင်ဗျားကလည်း အဲဒီ နဂါးဆိုတဲ့ ချည်တိုင်မှာ ချည်ထားသလို ဖြစ်ပြီး၊ ဘဝရဲ့အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးလာတယ်။ ဒီတော့ ခင်ဗျားက နဂါးတွေကို မှီခိုနေတာလား၊ နဂါးတွေက ခင်ဗျားကို မှီခိုနေတာလား"

နဂါးဖမ်းသူဟာ စိတ်ရှုတ်သွားသလို မျက်မှောင်ကို ကျုံ့လိုက်တယ်။

"ခင်ဗျားကလဲဗျာ၊ ပေါက်ပေါက်ရှာရှာ လျှောက်တွေးနေတယ်"

"ကျုပ် တကယ်ပြောတာဗျ၊ ခင်ဗျားက နဂါးတွေကို အသုံးချတာလား၊ နဂါးတွေက ခင်ဗျားကို အသုံးချနေတာလား။ ခင်ဗျား နဂါးတွေဆီကရတဲ့ရလာဒ်

www.burmeseclassic.com

www.burmeseclassic.com



တွေအကြောင်း ပြောရင်း ကျုပ်က နဂါးတွေကြောင့် ခင်ဗျားရဲ့ ရုန်းမထွက်နိုင်တဲ့ အဖြစ်၊ ဒီဘဝသက်တမ်းတစ်ခုလုံးကို ပေးဆပ်နေရတဲ့အဖြစ်ကို သွားမြင်တယ်၊"

နဂါးဖမ်းသူ နည်းနည်း စိတ်တိုသွားတယ်။

"ဘာလဲဗျ၊ ကျုပ်က ခင်ဗျား ခုန လုပ်နေတဲ့ အလုပ်ကို အဓိပ္ပါယ်မရှိဘူး ပြောလို့ ပြန်နှိပ်ကွပ်တာလား၊ ကျုပ်က စေတနာနဲ့ ပြောတာပါ"

"ကျုပ်လဲ စေတနာနဲ့ပါပဲဗျာ၊ ကျုပ်တစ်ခု စဉ်းစားမိလို့ပါ ခင်ဗျား လူ့ဘဝထဲကို ရောက်လာတာဟာ နဂါးတွေ ဖမ်းဖို့ သက်သက် ရောက်လာတာလား၊ ဒါဆို ခင်ဗျား လူဖြစ်ရတာ ဘာအကျိုးရှိ မှာလဲ"

"ခင်ဗျားကရောဗျာ၊ ဖွတ်တွေထက် သာအောင် ပြေးဖို့ ရောက်လာတာလား၊ ဖွတ်တွေက ကုန်မှာမဟုတ်ဘဲ၊ ဖွတ်တစ်ကောင်ထက် သာရင်ရော ဘာထူးမှာမို့လဲ"

"ခင်ဗျား နဂါးတွေကရော၊ ကုန်မှာမှမဟုတ်ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဘဝကြီး ဒီမှာ ပြီးနေဝကာရော ဘာထူးမှာ
မို့လဲ"

"တော်ပြီဗျာ၊ ခင်ဗျားနဲ့ မငြင်းတော့ဘူး၊ ကျုပ်မိန်းမ
မျှော်ရော့မယ်၊ ပြန်မယ်"

ပြီးတော့ သူတို့ဟာ ဆန့်ကျင်ဘက် အရပ်
မျက်နှာ အသီးသီးဆီ လမ်းခွဲလိုက်ကြပါတယ်။

သူတို့ ဆွေးနွေးမှုက မဆုံးလိုက်ပါဘူး။
တစ်ယောက်ရဲ့ အယူအဆကိုလည်း တစ်ယောက်က
သဘောမတူကြပါဘူး။

သေချာတာ တစ်ခုတော့ ရှိတယ်။

နောက်နေ့ နံနက်လင်းတဲ့အခါ နဂါးဖမ်းသူ
ကလည်း နဂါးတွေ ဆက်ဖမ်းနေဦးမှာဘဲ။ ပြေးလာသူ
ကလည်း ဖွတ်တွေသက် မြန်အောင် ဆက်ပြေးနေ
ဦးမှာဘဲ။

သူတို့ရဲ့ လူ့ဘဝ သက်တမ်း မကုန်ဆုံး မချင်း
ပေါ့။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရွက် (၃)

## ဖိနပ်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

## ပုံ – ၁

ပညာရှိတစ်ယောက်ဟာ ဖိနပ်ချုပ်သမားဆီ ရောက်လာတယ်။

သူ့ဖိနပ်တွေ စုတ်သွားလို့ ပြင်ချုပ်ဖို့ပေါ့။

သူဟာ ဒီနယ်တစ်ဝှမ်းမှာ အင်မတန် ကျော်ကြားနေတဲ့သူ ဖြစ်တယ်။ ရှေးက ထင်ရှားခဲ့တဲ့ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်ကို အာဂုံဆောင်နိုင်သူ အလွတ်ရွတ်ပြပြီး ပြန်လည် သင်ကြားပြသနိုင်သူ ဖြစ်လို့ နယ်သူနယ်သား အားလုံးက လေးစားနေရသူပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိ ဖိနပ်ချုပ်ဆိုင်ထဲ ဝင်လာတာနဲ့ပဲ ဆိုင်ထဲရှိနှင့်သူ အားလုံးက ခရီးဦးကြိုပြုကြတယ်။ နေရာထိုင်ခင်း ပေးကြတယ်။

ပညာရှိဟာ မော်ကြွားတဲ့ မျက်နှာထားနဲ့ သူ့အတွက်ပေးတဲ့ နေရာမှာ ဝင်ထိုင်ပြီး ဖိနပ်ချုပ် သူကို သူ့ဖိနပ် ထိုးပေးလိုက်တယ်။

"ဒါကို ခပ်မြန်မြန်လေး ချုပ်ပေးစမ်းပါ"

သူ့ပုံက ဖိနပ်ချုပ်သမားအနေနဲ့ သူ့ဖိနပ် ချုပ်ခွင့် ရတာကိုပဲ ဆုလာဘ်တစ်ခုလို မှတ်ယူရတော့မယ့်ပုံ... ။

ဖိနပ်ချုပ်သမားကလည်း ဖိနပ်ကို ရိုရိုသေသေပဲ ယူကြည့်ပါတယ်။

ဖိနပ်တွေက တော်တော် စုတ်နေပြီ။ လွယ်လွယ်ကူကူ ပြင်ချုပ်ဖို့ မရနိုင်တော့ဘူး။

"ဆရာကြီး ဖိနပ်တွေကို အသစ်အတိုင်း ပြန်ကောင်းသွားအောင် ချုပ်ဖို့ ဆိုရင်တော့ သုံးလေးရက်လောက် အချိန်ယူမှ ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီထက် မြန်အောင်လုပ်ပေးလို့ မရဘူးလား"

"မရဘူး ဆရာကြီး၊ ဖိနပ်ပြင်ချုပ်ဖို့ သားရေကို ဖြတ်ရ၊ အနံ့ပျောက်အောင် အခြောက်လှမ်းရမယ်၊ ပြီးရင် ကော်သုတ်ရမယ်၊ ကော်ကိုလည်း အခြောက် ခံရဦးမယ်"

ပညာရှိ တော်တော် စိတ်ပျက်သွားတယ်။

"ဒါဆို ငါတော့ ဒုက္ခပဲ။ ငါက ဒီသုံးလေးရက်လုံး ဖိနပ် မစီးပဲ နေရတော့မှာလား၊ ခု သုံးလေးရက် အတွင်းမှာ ဒီနယ်သူ နယ်သားတွေကို သင်ကြား ပေးဖို့အတွက် သွားစရာ လာစရာတွေက အများ ကြီး၊ ဖိနပ်သာ မရှိရင် ငါသွားလာဖို့ ဒုက္ခပဲ"

သက်ပြင်းတွေ တချချ လုပ်နေတဲ့အခါ ဖိနပ် ချုပ်သမားက မနေနိုင်တော့ပဲ အတွင်းခန်းထဲက ဖိနပ် တစ်ချို့ သွားထုတ်လာတယ်။

"ဒီဖိနပ်တွေထဲက စီးကြည့်ပါဦး၊ ဆရာကြီးနဲ့ တော်တာ ပါသလားလို့"

သူပေးတဲ့ ဖိနပ်တွေထဲက စီးကြည့်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံဟာ ပညာရှိနဲ့ ကွက်တိ သွားတော်နေတာ တွေ့တယ်။

"ကွက်တိပဲဟော့၊ ငါနဲ့ တိုင်းချုပ်ထားသလား အောက်မေ့ရတယ်"

"ဒါဆိုလဲ၊ အဲ့ဒီဖိနပ်ကို ဆရာကြီး စီးသွားပေါ့၊ ဆရာကြီး ဖိနပ် ချုပ်ပြီးမှပဲ ပြန်လာလဲယူလေ"

ပညာရှိကြီး ကျေနပ်သွားတယ်။

ဒီအကြံ မဆိုးဘူး ဆိုပြီး ထိုဖိနပ်ကို စီးသွားဖို့ ပြင်တယ်။ နောက်မှ အတွေးတစ်ခုရပြီး လှည့်လာတယ်။

"မထူးပါဘူး၊ ဒီဖိနပ်သစ်ပဲ တစ်ခါတည်း ငါ့ရောင်း လိုက်ပါတော့လားကွာ"

"ဒါတော့ မဖြစ်ဘူးနဲ့တူတယ် ဆရာကြီး၊ အဲ့ဒီ ဖိနပ်က သူများက ချုပ်ဖို့ လာအပ်ထားတာ၊ ခု ဆရာကြီးမှာ အခက်အခဲ တွေ့နေတာနဲ့ကျွန်တော် က ခဏ ပေးစီးထားတာပါ"

သူ ဝတ်ထားတဲ့ ဖိနပ်ဟာ အသစ်မဟုတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သိတာနဲ့ ပညာရှိကြီးက ရွံ့ရှာသလို အလျှင်အမြန် ချွတ်လိုက်တယ်။

"မင်းကွာ၊ ငါက ဖိနပ်သစ်အောက်မေ့လို့၊ သူများ ဖိနပ်ကြီး ငါ့ပေးစီးစရာလား... "

ပြောရင်းက ပညာရှိ ပိုဒေါသ ထွက်လာတယ်။

"ငါ့လို လူမျိုးက သူများဖိနပ်ဟောင်းကြီး စီးမလား၊ အဆင်အခြင် နဲလိုက်တဲ့ကောင်ကွာ၊ ဒါ ငါ့ကို သက်သက် စော်ကားသလိုပဲ"

ဖိနပ်ချုပ်သူက အံ့အားသင့်သွားတယ်။

ပြီးတော့ ဗလုံးဗထွေးနဲ့ အမြန်ဖြေရှင်းချက် ထုတ်တော့တယ်။

"ဖိနပ်ဟောင်းရော ဘာဖြစ်လဲ ဆရာကြီးရယ်၊ ဆရာကြီးဟာ ရှေးက ဉာဏ်ပညာ ဖိနပ်ဟောင်း တွေ အများကြီး ငှားစီးခဲ့ပြီးပြီပဲ၊ ဒီဖိနပ်ကို ထပ်စီး ရုံနဲ့ ဘာဖြစ်သွားမှာမို့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

## ပုံ - ၂

ခရီးသွားတစ်စုဟာ နွံအိုင် တစ်အိုင်ဆီ ရောက်လာကြတယ်။

နွံအိုင်နားမှာက ရွာတစ်ရွာ။

ရွာက လူတွေက ပြောတယ်။ ဒီနွံအိုင်ကို ဖြတ်ဖို့ဆိုရင် သူတို့ ရွာက ချုပ်တဲ့ ဖိနပ်တွေနဲ့ ဖြတ်မှ ရမယ်တဲ့။

ဖိနပ်တွေက အောက်ခံသားရေသား ပြန့်ပြန့် ကြီးကြီး၊ အထဲမှာ လေခို အိတ်တွေနဲ့... ဒီလို နွံတော ကို ဖြတ်ဖို့ အသင့် လုပ်ထားတဲ့ပုံ... ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ သူတို့ရဲ့ ရိုးရိုးဖိနပ်တွေနဲ့သာ ဖြတ်လို့ကတော့ နွံထဲ နစ်သွားမှာပဲ။

သူတို့ သွားမယ့် ခရီးကလဲ ဒီနွံအိုင်ကို ကျော်သွားဖို့အပြင် တစ်ခြားလမ်း မရှိဘူး။

ဒီတော့ သူတို့တွေ အဲ့ဒီရွာက ဖိနပ် တစ်ယောက်တစ်ရံစီ ဝယ်ကြရရော ဆိုပါတော့... ။

ပြီးတော့ အဲ့ဒီ ဖိနပ်တွေနဲ့ နွံအိုင်ကို ဖြတ်ကြတယ်။

ရွာကလူတွေ ညွှန်းသလိုပါပဲ၊ သူတို့ ဖိနပ်တွေဟာ နွံအိုင်ကို ဖြတ်ဖို့တော့ အတော်လေး သင့်တော်တယ်။

ကျွဲသာဝင်သွားလို့ကတော့ လူတစ်ကိုယ်လုံး နစ်ပြီး အသက် ဆုံးပါးနိုင်တဲ့ တစ်မျှော်တစ်ခေါ် နွံအိုင်ကျယ်ကြီးကို သူတို့ဟာ ဖိနပ်တွေ အကူအညီနဲ့ ဘေးရန်ကင်းကင်း ဖြတ်သန်းနိုင်ခဲ့ပါတယ်။

တစ်ဖက်ကမ်းကို ရောက်တဲ့အခါကျတော့မှ ခရီးသွားတွေဟာ အသက်ကို ရဲရဲ ရှုရဲကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုန တင်းထားမိတဲ့ မျက်နှာထားတွေဟာ ခုမှပဲ ပြေပြေလျော့လျော့ ဖြစ်လာတယ်။ ရှေ့မှာ ကုန်မြေ မာမာပဲ ကျန်တော့တယ်။ ဒီလို သဲထိတ်ရင်ဖို ဖြစ်စရာ မရှိတော့ဘူး။

ဒါကြောင့် ခရီးသွားသူ အသီးသီးဟာ နွံဖြတ်ဖို့ ဝယ်လာတဲ့ ဖိနပ်တွေကို အသီးသီး စွန့်ပစ်လိုက်ကြပါတော့တယ်။

ဖိနပ်တွေက လေးလံပြီး ကြီးလဲကြီးတော့ သယ်ဆောင်ရ ခက်ခဲမှာကိုး၊ ပြီးတော့ အဖိုးကလည်း နည်းတယ်လေ။

ဒါပေမယ့် တစ်ယောက်ကတော့ သူ့ဖိနပ်ကြီးကို စွန့်မပစ်ဘဲ ကျောမှာ ပိုးပြီး ဆက်သယ်ဆောင်လာလေရဲ့။

အတော်လှမ်းလှမ်း သွားမိပြီးမှပဲ ဒါကို ကျန်သူတွေ သတိထားမိကြတယ်။ လူတွေက မေးတယ်။

"ဒီဖိနပ်ကြီး ဘာလုပ်ဖို့ ဆက်သယ်နေသေးတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကျုပ်ကို ဒိန္နအိုင်က ကူးဖြတ်နိုင်အောင် ကျေးဇူးပြုခဲ့တဲ့ ဖိနပ်ကြီး ဆက်မသယ်လို့ ဖြစ်မလား"

"လိုရာခရီးရောက်ပြီပဲ စွန့်ခဲ့တော့ပေါ့"

ဆိုလဲ နားမလည်ဘူး၊ ကျန်သူတွေ ဘယ်လိုပြောပြော မရဘူး။

အဲ့ဒီ ဖိနပ် အလေးကြီးကို ထမ်းလို့ ကျန်တဲ့ ခရီး တစ်လျှောက်လုံး ပင်ပန်းကြီးစွာ ဆက်သွားနေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ပုံ - ၃

သူတော်စင်ကြီး တစ်ပါးဟာ ရွာတစ်ရွာကို ရောက်လာတယ်။

ရွာက ဖိနပ်ချုပ်သမားတွေ နေတဲ့ရွာ။

အနေအထိုင် ရိုင်းရိုင်း၊ စရိုက်ကလည်း ကြမ်းတယ်။

သူတို့က သူတော်စင်ကြီးကို စော်ကားချင်တဲ့ သဘောနဲ့ ဖိနပ်တွေ သီပြီး ခေါင်းကနေ စွပ်ပေးလိုက်ကြတယ်။ သူတော်စင်ကြီး စိတ်ဆိုး ဒေါသထွက်သွားရင် ဝိုင်းလှောင်ပြောင်ကြမယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူတော်စင်ကြီးက ဒေါသ မထွက်တဲ့အပြင် ကောင်းချီး ဆုမွန်တွေတောင် ပေးနေလိုက်ပါသေးတယ်။

သူတို့ ထင်သလို မဖြစ်တဲ့အခါကျတော့ ရွာကလူတွေ အံ့အားသင့်ကုန်တယ်။

သူတော်စင်ကြီးဟာ မျက်စေ့မျှား မှုန်နေလို့လား၊ စူးစမ်းတော့လည်း မဟုတ်မှန်း သိရတယ်။ ဒါဆို ဖိနပ်တွေ လည်ပင်း လာစွပ်ရက်နဲ့ ဘာကြောင့် စိတ်မဆိုးသလဲ။

နောက်ဆုံး မနေနိုင်တော့တဲ့ လူတစ်ယောက်က အသာ ချဉ်းကပ်ပြီး မေးကြည့်တယ်။

"ခင်ဗျားကို ဖိနပ်တွေ သိပြီး လည်မှာ စွပ်ပေးတာ ဘာလို့ စိတ်မဆိုးသလဲ"

"ဟာ ဘာလို့ စိတ်ဆိုးရမှာလဲ"

"ဖိနပ်ဆိုတာ ယုတ်နိမ့်တဲ့ ပစ္စည်းလေ"

"ဖိနပ်ကို ယုတ်နိမ့်တယ်လို့ ဘာကြောင့် မင်းပြောနိုင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖိနပ်ဆိုတာ ခြေမှာဝတ်တာလေ၊ အဲ့ဒါ ယုတ်နိမ့်တာပေါ့"

"ခြေမှာ ဝတ်တာနဲ့ ယုတ်နိမ့်ရောတဲ့လား၊ ခြေထောက်ဟာလည်း ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုပဲ၊ လိုအပ်တဲ့ အရာတစ်ခုပဲ၊ တစ်ချို့ ခြေထောက် မရှိတဲ့သူတွေဆိုရင် လက်နှစ်ဘက်ကို မြေမှာ ထောက်လို့ ဒရွတ်တိုက် သွားလာကြတယ်။ လက်ကို ခြေထောက်လို သုံးကြတာပေါ့။ အဲ့ဒါဆို သူတို့ လက်မှာ စွပ်ထားတဲ့ လက်ကောက်တွေ လက်စွပ်တွေကိုရော ယုတ်နိမ့်တယ်လို့ ပြောမလား"

"ဒါပေမယ့် ဒီလို လည်မှာ စွပ်တတ်တာက ပန်းကုံးတို့ ဘာတို့ပဲလေ"

"မင်းတို့ရွာက ဖိနပ်ချုပ်တဲ့ ရွာပဲကွ၊ ဖိနပ်တွေပဲ သီပြီး ဆွဲပေးမှာပေါ့။ ပန်းစိုက်တဲ့ရွာမှ မဟုတ်တာ ပန်းကုံး ဘယ်ရပ့ါမလဲ"

ရွာသားဟာ ဘာဆက်မေးရမှန်း မသိတော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါနဲ့ သူတော်စင်ကြီးနဲ့ လမ်းခွဲထွက်သွားတယ်။

သူတော်စင်ကြီးနဲ့ အဲ့ဒီရွာသားဟာ ဆန့်ကျင်ဘက် အရပ်တွေဆီ ဦးတည် လျှောက်လှမ်း နေကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရှက် (၄)

## ကောင်းကင်ဘုံ မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

# မှတ်တမ်း(၁)

တစ်ခါတုန်းက...

နွားတစ်ကောင်ရယ်၊ ကြောင်တစ်ကောင်ရယ်၊ လူတစ်ယောက်ရယ်ဟာ ကျောက်ဂူတစ်ဂူထဲမှာ ပိတ်မိနေကြသတဲ့။

မိုးရွာလို့ ဂူထဲ ဝင်ခိုနေရင်း မြေတွေပြိုလာတော့ ပိတ်မိသွားကြတာပေါ့။

ဘယ်လိုမှ ထွက်လမ်း မမြင်တော့တာကြောင့် သေရမယ်မှန်း သိတဲ့အခါ နွားရယ်၊ ကြောင်ရယ်၊ လူရယ် တစ်ဦးကိုတစ်ဦး ကူညီဖို့ အတတ်နိုင်ဆုံး ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားကြတယ်။

သူတို့ ရည်ရွယ်ချက်ကတော့ ဘဝကူး ကောင်းဖို့ပေါ့။

ဒီလိုနဲ့ ဂူထဲမှာ တစစ မွန်းကြပ်လာရင်း သုံးဦးသားစလုံး သေငယ်ဇောအချိန်ကို ရောက်လာတဲ့အခါ တန်းခိုးရှင်တစ်ပါး ပေါ်လာတယ်။

"မင်းတို့ မကြာခင် သေကြတော့မယ်။ ဒီလိုသေတဲ့ အခါ ခုနက လုပ်ခဲ့တဲ့ မင်းတို့၊ မင်းတို့ရဲ့ ကောင်းမှု တွေကြောင့် ကောင်းကင်ဘုံကို ရောက်မယ်၊ မင်းတို့ ရောက်မယ့် ကောင်းကင်ဘုံဟာ ဘယ်လို ဖြစ်စေ ချင်သလဲဆိုတာ ဆုတောင်းကြ၊ သေချာ စဉ်းစား ပြီးမှ တောင်းနော်"

သူ့စကား မဆုံးခင်မှာပဲ သုံးဦးလုံးဟာ အလု အယက် ဆုတောင်းကြတယ်။

နွားက ...

"ကောင်းကင်ဘုံမှာ မြက်နုစိမ်းကလေးတွေနဲ့ ပြည့် နေပါစေ"

www.burmeseclassic.com

www.burmeseclassic.com



ကြောင်က...

"ကောင်းကင်ဘုံမှာ ဆူဆူဖြိုးဖြိုး ကြွက်ကလေး တွေနဲ့ ပြည့်နေပါစေ "

လူက...

"ကောင်းကင်ဘုံမှာ ကျောက်သံပတ္တမြားတွေ အပြည့်ရှိပါစေ"ပေါ့၊ ပြီးတော့ သူက ပိုဆုတောင်း သေးတယ်၊ နတ်သမီးလေးတွေလည်း အများကြီး ရှိပါစေတဲ့။

သူတို့ ဆုတောင်းတွေကို ကြားတဲ့အခါ တန်းခိုးရှင်ဟာ မျက်နှာထားတစ်မျိုး ဖြစ်သွားတယ်။ တစ်ခုခု ပြောချင်ဟန် ပါးစပ်ပြင်ပြီးမှ ဘာမှ မပြော တော့ပဲ ကွယ်ပျောက်သွားတယ်။ တိုးတိုးလေးတော့ ရေရွတ်သွားတယ်။

"အေးလေ... ဆုတွေ တောင်းပြီးပြီပဲ"တဲ့။

မကြာခင်မှာပဲ သူတို့ သုံးဦးစလုံး အသီးသီး သေဆုံးခဲ့ပါတယ်။

အားလုံး ဆုတောင်း ပြည့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နောက်ဘဝရောက်တော့ နွားဟာ 'ကြောင်' သွားဖြစ်ပြီး၊ ကြောင်က 'နွား' သွားဖြစ်တယ်။ သေခါနီး တစ်ကောင်ပေါ် တစ်ကောင် စိတ်စွဲသွားလို့နဲ့ တူပါရဲ့။

ကောင်းကင်ဘုံက 'ကြောင်' (ယခင်ဘဝက နွား) ရဲ့ဆီမှာ မြက်တွေ အပြည့်ပဲတဲ့။ စိမ်းမှစိမ်း၊ နုမှနု၊ လတ်ဆတ်မှ လတ်ဆတ်ပဲတဲ့။

ဒါပေမယ့် ခုဘဝမှာ သူက ကြောင်ဖြစ်နေပြီဆိုတော့ ဘယ်စားလို့ရမလဲ။

(အရင်ဘဝက ကြောင်) ယခုဘဝ 'နွား'ရဲ့ ကောင်းကင်ဘုံ မှာလဲ ကြွက်နီတာရဲလေးတွေ အများကြီးပေါ့။ ဒါပေမယ့် သူက နွား ဖြစ်နေပြီလေ။ ကြွက်တွေက သူ့ကိုယ်ပေါ် ဟိုတက်၊ ဒီလျှောက်နဲ့ သူ့မှာ ဒုက္ခတောင် ရောက်နေရသေးတယ်။

နွားရော၊ ကြောင်ရောဟာ ကောင်းကင်ဘုံမှာ စိတ်မကောင်းကြဘူး။

အဲ... ။

www.burmeseclassic.com

www.burmeseclassic.com



လူကျတော့ သူရောက်သွားတဲ့ ကောင်းကင်ဘုံမှာ ကျောက်သံပတ္တမြားတွေ အပြည့်ပဲတဲ့၊ ဒါပေမယ့် စားလို့မရ၊ သုံးမရနဲ့ ထိုင်ကြည့်နေရုံကလွဲပြီး ဘာမှ လုပ်မရဘူး။

သူကတော့ လူ့ဘဝ အတိုင်းပါပဲတဲ့။ ဒါပေမယ့် ကောင်းကင်ဘုံမှာ သူက မိန်းမဖြစ်နေတယ်။ ဒီတော့ အမျိုးတူ နတ်သမီး လေးငါးရာနဲ့ စိတ်ကို ညစ်ရော ...

ဒီတော့ ...

သူလည်းပဲ စိတ်မကောင်းရှာဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com

# မှတ်တမ်း(၂)

လူတစ်ယောက် သေဆုံးသွားတယ်။

ထုံးစံအတိုင်း ယမမင်းကြီးရဲ့ ရှေ့မှောက်ကို သူရောက်သွားတာပေါ့။

ယမမင်းကြီးက ပြောတယ်။

"မောင်မင်းဟာ လူ့ဘဝတုန်းက ကောင်းမှုနဲ့ မကောင်းမှု မျှတနေတယ်၊ ဒီတော့ ကောင်းကင်ဘုံသွားမလား၊ ငရဲသွားမလား၊ စိတ်ကြိုက် ရွေးချယ်နိုင်တယ်။ မောင်မင်း စိတ်ဆန္ဒရှိတဲ့ဆီကို ပို့ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘဝကူးလာသူက နည်းနည်း ခပ်ရှည်ရှည်ရယ်။

"တပည့်တော်ကို ကောင်းကင်ဘုံရော၊ ငရဲကိုရော လိုက်ပြပေးပါ ဘုရား၊ နှစ်ခုလုံး ယှဉ်ကြည့်ပြီးမှ တပည့်တော် နှစ်သက်ရာကို ရွေးချယ်ပါ့မယ်"

ဒါနဲ့ ယမမင်းကြီးက သူအလိုရှိတဲ့အတိုင်း လိုက်ပြဖို့ ဆက်သား တစ်ယောက်ထည့်လွှတ်လိုက်တာပေါ့။

အရင်ဆုံး သူ့တို့ ကောင်းကင်ဘုံဆီ သွားကြတယ်။

ကောင်းကင်ဘုံဝ ရောက်တဲ့အခါ ...

ဘာအလှအပ၊ ဘာသာယာနာပျော်ဖွယ်မှ မတွေ့ရဘူး၊ လူသူလဲ ခြောက်ကပ်လို့၊ ပန်းပင်တွေက တောင် မပွင့်မသီးပဲ ညှိုးရော်လို့၊ ဖုန်တွေ အညစ်အကြေးတွေကလည်း တင်းကြမ်းပေါ့။

ဟိုလူ တော်တော် စိတ်ပျက်သွားတယ်။

ဒါနဲ့ ချက်ချင်းပဲ ဆက်သားကို ငရဲပြည်ဆီ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဂို့ပေးလို့ ပြောတာပေါ့။

ငရဲပြည်ဝရောက်တော့ သူ တော်တော် အံ့ဩသွားတယ်။

လူတွေကလဲ ဆိုလို့ကလို့၊ အမြောက်အမြား သွားလာ လှုပ်ရှားလို့၊ ပန်းတွေ ဝေဝေဆာဆာ ပွင့်နေကြ၊ ရွှေရောင် ငွေရောင် ပြိုးပြိုးပြက်ပြက်နဲ့ အားလုံး သာယာ ကြည်မောဖွယ်အတိ။

ငရဲပြည်က လှ,လှချေလားလို့တောင် သူ ဖွင့်ထုတ် ချီးကြူးမိတယ်။ လိုက်ပို့တဲ့ ဆတ်သားကို မေးတယ်။

"ခင်ဗျား တမင် လွဲပြနေတာ မဟုတ်ပါဘူးနော်"

ဆိုတော့...

"စိတ်ချပါ၊ ကျုပ် ခင်ဗျားကို လွဲပြလို့ ဘာအကျိုး ရှိမှာမို့လဲ"

တဲ့။ ဟိုလူ ချက်ချင်းပဲ ယမမင်းကြီးဆီ ပြန်ပြေးတော့တာပဲ။

ပြီးတော့ ယမမင်းကြီးကို ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ငရဲပြည်ပဲ သွားပါရစေဘုရား"

"အသင်လူသား သေချာဆုံးဖြတ်ပြီးပြီလား"

"မှန်လှပါ၊ ဆုံးဖြတ်ပြီးကြောင်းပါဘုရား"

သူ့ကို ငရဲပြည်ထဲက သူနေမယ့် နေရာဆီ တန်းပို့လိုက်ကြတယ်။

ဒါပေမယ့် သူ ခုန သွားတုန်းက မြင်ခဲ့တာတွေ တစ်ခုမှ မရှိဘူး။ ပွက်ပွက်ဆူနေတဲ့ ဆီပူအိုးကြီးဝမှာ လူတွေကို တွန်းချဖို့ ခက်ရင်းခွကိုင် ငရဲထိန်းတွေက အသင့်စောင့်လို့...

သူက အထိတ်အလန့် ဖြစ်သွားတယ်။

"ဟာ... ဘယ်လို ဖြစ်တာလဲ၊ ခုနက ကျွန်တော် လာကြည့်တုန်းကတော့ ဒီလို မဟုတ်ပါလား"

လို့ ငရဲထိန်းတစ်ယောက်ကို မေးမိတော့ ...

"မင်း ခုန မြင်တာ ငရဲပြည်ရဲ့ အဝလေ၊ ငရဲပြည် ရဲ့အဝမှာတော့ သာယာ ကြည်နူးစရာတွေ ရှိတယ်။ ငရဲပြည် ရောက်ချင်ရင် အဲ့ဒီ သာယာ ကြည်နူးစရာတွေဆီက လာရတယ်။ ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘုံရဲ့ အဝမှာတော့ ခြောက်သွေ့ကြမ်းတမ်းခြင်းတွေ၊ ကောင်းကင်ဘုံ ရောက်ဖို့ အဲဒီလမ်းကို ဖြတ်သန်းသွားရတယ်"

"ဒါဆို ကျွန်တော် ဒီ ဘယ်လာမလဲဗျ"

"ခုမှတော့ မရတော့ဘူး၊ ပြီးတော့လည်း ငရဲပြည်ဆိုတာ လူတွေ လာချင်အောင် အဝမှာ ဒီလိုပဲ ဆွဲဆောင်ထားရတယ်။ ဒါမှ လာချင်မှာပေါ့။ ကောင်းကင်ဘုံကတော့ တကယ် စစ်မှန်ပြီး ဖြစ်လို့ ဘာမှ ဆွဲဆောင်စရာ မလိုဘူးလေ။ ဒါကြောင့် သူ့ရဲ့အဝကို ဒီတိုင်း ပစ်ထားတာပေါ့"

ပြောပြောဆိုဆိုနဲ့ပဲ ငရဲထိန်းတွေဟာ သူ့ကို ငရဲအိုးကြီးထဲ တွန်းချလိုက်ကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရွက် (၅)

---

## ဒုက္ခသည်

www.burmeseclassic.com

www.burmeseclassic.com

မိုးနတ်မင်းကြီးကို တကယ် နှစ်နှစ်ကာကာလဲ ယုံကြည်ပြီး ပြင်းပြင်းထန်ထန်လဲ ဆုတောင်းလေ့ရှိသူ တစ်ယောက်ဟာ သူ့ကိုယ်သူ ဒုက္ခတွေ အရမ်းရောက်နေတယ်လို့ ထင်နေတယ်။

လူတွေကို ကြည့်ရင်း သူ့မှာ စိတ်မချမ်းသာဘူး။

ဒီလူတွေ ကြည့်ရတာ သိပ်ပျော်နေကြတယ်။ မြူးထူးနေကြတယ်။ ဒုက္ခဆိုလို့ ဘာမှ မရှိဘူးလို့ သူထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ လှုပ်ရှား သွားလာနေကြတဲ့ လူတွေကို တွေ့လေ သူ့မှာ ပို စိတ်ဆင်းရဲလေ။ တခြားသူတွေကျတော့ ပျော်ပြီး ဘာကြောင့် သူ မပျော်နိုင်ရသလဲ။

သူ့တစ်ယောက်ထဲပေါ်ကျမှ ဘာလို့ ဒီလောက် ဒုက္ခတွေ ကြီးနေရသလဲ။

နေမင်းကြီးရဲ့ အလင်းကို မှန်ဘီလူးနဲ့ စုဆုံလိုက်သလို လောကထဲက ဒုက္ခအားလုံး သူ့အပေါ်ဘဲ ကွက်ကျနေတယ်လို့ ထင်လာတယ်။

ဒါကြောင့် သူ နေ့စဉ် ဆုတောင်းတယ်။

"တပည့်တော်ကို တခြားသူတွေနဲ့ ဘဝချင်း လဲပေးပါဘုရား၊ တပည့်တော်မှာကျတော့ ဒုက္ခတွေ ရောက်ပြီး၊ သူတို့မှာကျတော့ ရွှင်လန်း တက်ကြွနေကြတယ်၊ မတရားပါဘူး ဘုရား"

အဲဒီလို နေ့စဉ် ဆုတောင်းတဲ့အခါ ကျတော့...

တစ်ရက်မှာ သူ ဆုတောင်းနေရင်း အိပ်ပျော်လိုလို တကယ်လိုလိုနဲ့ သူ့ခန္ဓာကိုယ်ဟာ ပွင့်မျော

www.burmeseclassic.com

www.burmeseclassic.com



သွားတာ တွေ့ရတယ်။

ဇရပ်ကြီးလိုလို၊ ပြသာဒ်ကြီးလိုလို၊ နေရာ တစ်ခုကို သူရောက်သွားတာပါ။ အဲ့ဒီ ပြသာဒ်ကြီးဟာ တိုင်လုံး အကြီးကြီးတွေနဲ့။ တိုင်လုံးကြီးတွေကလည်း အများကြီးပါပဲ။

အရမ်းခမ်းနားတာပဲလို့ သူ ငေးကြည့်နေရင်း ဘေးမှာ လူတွေ အများကြီး ရှိတာကိုလည်း သတိ ပြုမိလိုက်တယ်။

အားလုံးဟာ မျက်နှာသိတွေချည်း ပါဘဲ။ သူ့ပတ်ဝန်းကျင်က လူတွေပေါ့။

သူ အားကျခဲ့တဲ့၊ နည်းနည်းလည်း မနာလိုခဲ့ တဲ့ လူတွေ၊ သူ ဘဝချင်း လဲချင်ခဲ့တဲ့ သူတွေလေ၊ ဘာလို့ဆို သူတို့မှာ ဒုက္ခနဲပြီး သူ့ကျမှ ဒုက္ခအကြီးကြီး တွေ ခံစားနေရတယ်လို့ သူထင်တာကိုး။

အဲ့ဒီလူတွေကို အာရုံပြုကြည့်မိတော့ ထူးခြား မှု တစ်ခုကို သွားသတိပြုမိတယ်။

လူတိုင်းမှာ အထုပ်ကြီးတစ်ထုပ်စီ ရွက်ထား

www.burmeseclassic.com

www.burmeseclassic.com



ကြတာပါပဲ။

အထုပ်တွေက ပုံစံမျိုးစုံ၊ အရောင်ကလည်း မျိုးစုံ၊ တစ်ချို့ အထုပ်တွေဆို အငြိမ်မနေဘူး၊ လှုပ်စိ လှုပ်စိနဲ့ အသံတွေ ဘာတွေတောင် ထွက်နေသေး တယ်။ ထိန်းရတာခက်တော့ သူ့ကို သယ်ရတဲ့ လူ မချောင်ဘူးပေါ့။ အားလုံးမှာ တူညီတာကတော့ မနိုင်မနင်း ထမ်းပိုး ထားရတာပါပဲ။

သူ့ပခုံးပေါ်မှာလည်း လေးလှချေလားလို့ သတိထားလိုက် မိတဲ့အခါ သူလဲ အထုပ်ကြီး တစ်ထုပ် ရွက်ထားရတဲ့ အဖြစ်ကို သွားသိလိုက်တယ်။

မနေနိုင်တော့ပဲ အနားက တစ်ယောက်ဆီ စပ်စုမိတယ်။

"ကျုပ်တို့ ထမ်းထားတာ ဘာထုပ်တွေလဲဗျ"

"ဒုက္ခထုပ်တွေလေဗျာ"

သူ အံ့သြသွားတယ်။

သူက သူ့ကိုယ်သူပဲ ဒုက္ခကြီးလှချည့် အောက်မေ့နေတာ။ လူတိုင်း လူတိုင်း ထမ်းထားရတဲ့ ဒုက္ခထုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေက မသေးပါလား။

သူ့ထက် မပိုရင်သာနေမယ်။ လျော့တော့ မလျော့ဘူး။

တွေ့သမျှ လူတစ်ယောက် မကျန်ဘဲ ဒုက္ခ ထုပ်ကိုယ်စီနဲ့။

ဒါနဲ့ သူလဲ အများသွားကြတဲ့ အတိုင်းပဲ ပြသာဒ်ထဲကို ကိုယ့်ဒုက္ခထုပ် ကိုယ်ထမ်းပြီး ဝင်ခဲ့တယ်။

ပြသာဒ်ထဲ ရောက်တော့ အားလုံးခဏ ရပ်နေကြတာနဲ့ သူလဲ တိုင်တစ်တိုင်နား သွားပြီး ရပ်နေတာပေါ့။

တိုင်ဆိုင်တာပဲလားတော့ မသိဘူး။ တိုင်တစ်တိုင်စီမှာ လူတစ်ယောက်စီ အတိအကျပဲ။ တိုင်စေ့၊ လူစေ့။ တိုင်တစ်တိုင်မှ မပိုသလို လူတစ်ယောက်မှလည်း မပိုဘူး။

ခဏနေတော့ အသံတစ်သံ ထွက်ပေါ်လာတယ်။

အသံဟာ အောင်လဲ အောင်မြင်တယ်၊ ပြတ်

www.burmeseclassic.com

www.burmeseclassic.com



လဲပြတ်သွားတယ်။ နားထောင်လို့ ကောင်းသလို သြဇာခတ်လဲ ပါတယ်။ အမိန့်ပေးသလို အသံ မဟုတ်ပေမယ့် သူပြောတာကို မလုပ်ပဲ မနေနိုင်ဘူး။

ဒါပေမယ့် အသံရှင်ကိုတော့ မမြင်ကြရပါဘူး။

"ပါလာတဲ့ အထုပ်တွေကို ကိုယ့်တိုင်မှာ ကိုယ် ချိတ်လိုက်ကြပါ"

လူတွေအားလုံး ခပ်သွက်သွက်ပဲ လုပ်လိုက်ကြတယ်။ သူလဲ ကိုယ့်ဒုက္ခအထုပ် ကိုယ့်တိုင်မှာ ချိတ်လိုက်တာပေါ့။ တိုင်က ပြောင်ချောကြီးမဟုတ်ပဲ ငုတ်ကလေးတွေပါတော့ ချိတ်ရ အဆင်ပြေပါတယ်။

ပြီးတော့ ဘာဆက်ပြောဦးမလဲ စောင့်နေပေမယ့် ဘာသံမှ မပေါ်လာဘူး။ လူတွေဟာ လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ ဟိုဟိုဒီဒီလဲ သွားစပြုပြီး၊ သူတောင် သူ့တိုင်နားကနေ တော်တော်လှမ်းလှမ်းကို ခွာဖြစ်တယ်။

ဟိုကြည့် ဒီကြည့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေရာ လူတွေ အများကြီးနဲ့ တိုင်တွေ အများကြီးက လွဲလို့ ဘာမှ မမြင်ရဘူး။ မြူခိုး လွင်ပြင်ကြီးထဲ ရောက်နေသလိုပါပဲ။ ဟိုး အဝေးမှာတော့ မြူတွေလိုလိုနဲ့ အဖြူသားပြင်ဟာ ပိန်းပိတ် နေတယ်။

ဒီအချိန်မှာပဲ ရုတ်တရက်အသံဟာ ထွက်ပေါ်လာပါတယ်။

"အထုပ်တွေ ပြန်ယူလို့ရပြီ။ ကြိုက်ရာ အထုပ်ကို ပြန်ယူကြပါ"

သူဟာ အဲ့ဒီအသံကြားတာနဲ့ ကိုယ့်အထုပ်ဆီ ကိုယ် အမြန် ပြေးတော့တာပဲ။

ပြေးရင်း သူ့ခြေထောက် တက်နင်းမိတဲ့ လူတစ်ယောက်က ပြောတယ်။

"ဟေ့လူ ဖြေးဖြေးပေါ့ဗျာ၊ ဘာလောနေတာလဲ"

"ဟာ၊ ငါ့ဒုက္ခထုပ်လေး သူများ ယူသွားမှာ စိုးလို့ကွ"

"ခင်ဗျား ဒုက္ခထုပ် သူများယူသွားလဲ ခင်ဗျားအတွက် ဒုက္ခထုပ် တစ်ထုပ်တော့ ကျန်မှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်သာချ၊ ဒီမှာက တိုင်စေ့၊ လူစေ့၊ ဒုက္ခထုပ်တွေ လဲ အစေ့ပဲဗျ။ မမြင်ဘူးလား"

သူ့စကားကို မတုံ့ပြန်သေးဘဲ ကိုယ့်ဒုက္ခထုပ်ကိုယ် အရင် ယူလိုက်ပါတယ်။ ပြီးမှ စိတ်ချလက်ချ ထမ်းပိုးရင်း...

"အဲ့ဒီလို သူများ ဒုက္ခထုပ်ကို ယူမိမှာ စိုးလို့ဟေ့၊ ကိုယ့်ဒုက္ခ က ကိုယ်နဲ့ ရင်းနှီးပြီးသား ဖြေရှင်းလို့ ရတယ်။ ယဉ်လဲ ယဉ်ပါးနေတော့ အသားကျ နေပြီ၊ သူများ ဒုက္ခကျတော့ ဘယ်လိုမှန်း မသိ ဘာမှန်းမသိနဲ့ ကိုယ့်ဒုက္ခနဲ့ ကိုယ်ပဲ ကောင်းပါ တယ်ကွာ"

"အေးဗျ၊ ဟုတ်တယ်နော်၊ ကိုယ့်ဒုက္ခနဲ့ ကိုယ်ပဲ ကောင်းတယ်။"

အဲ့ဒီလူကလည်း သူ့ဒုက္ခထုပ် သူ ပြန်သယ် ထားပြီးပါပြီ။ ကြည့်ရသလောက်တော့ လူတိုင်း ကိုယ့်ဒုက္ခထုပ်သာ ကိုယ်ပြန်ယူ ကြပုံပါပဲ။

ဒုက္ခထုပ်ချင်း မှားသွားတဲ့ တစ်ယောက်စ၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စကတော့ **အထုပ်မှန်ကို** အတင်း ပြန်လဲနေကြတယ်။ ကိုယ့်ဒုက္ခထုပ်နဲ့ ကိုယ် အမှန် ပြန်ရမှပဲ ဘဝင်ကျသွားကြပုံရပြီး ငြိမ်သွားကြပါတယ်။

သူက နောင်တကြီးစွာနဲ့ ရေရွတ်မိတယ်။

"အရင်က ငါ့ကိုယ်ငါပဲ ဒုက္ခတွေကြီးလှပြီ အောက်မေ့တာ အခုတော့ လူတိုင်း ငါ့လိုချည်းပါလား"

"ဟုတ်တယ်၊ ကျွန်တော်လဲ အရင်က တခြားသူတွေနဲ့ ဒုက္ခချင်း လဲပါရစေ ဆိုပြီ မိုးနတ်မင်းကြီးဆီမှာ နေ့တိုင်း ဆုတောင်းလိုက်ရတာ... တခြားသူတွေက ကိုယ့်လောက် ဒုက္ခမရှိဘူး အောက်မေ့လို့လေ၊ ခုတော့ သိပြီးသား ကိုယ့်ဒုက္ခကပဲ မသိတဲ့ သူများ ဒုက္ခထက် ပိုအဆင်ပြေ ပါလိမ့်ဦးမယ်လေ။"

ပြီးတော့ သူတို့အားလုံးဟာ ကိုယ့်ဒုက္ခကိုယ် ကျေကျေနပ်နပ် သယ်ပိုးရင်း လာရာလမ်းအတိုင်း ပြန်ခဲ့ကြပါတော့တယ်။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရွက် (၆)

# အရိပ်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

# ပထမအရိုင်

ကောင်းကင်ဘုံက တန်ခိုးရှင် နှစ်ပါးဟာ လူ့လောကဆီ ငုံ့ကိုင်းကြည့်ရင်း တိုင်ပင်နေကြတယ်။

တန်ခိုးရှင်တစ်ပါးက ပြောတယ်။

"သူငယ်ချင်း ... ငါတော့ လူသားတွေဆီ ခဏ သွားလိုက်ဦးမယ်ကွာ။ လူ့ဘောင်လောကထဲ ဝင်ပြီး လူတွေရဲ့ ကောင်းကျိုး ပြုလိုက်ဦးမယ်"

"မင်းက ဘယ်လိုကောင်းကျိုး ပြုမှာလဲ"

"သူတို့ အကျိုး သယ်ပိုးမယ်ကွာ၊ သူတို့ရဲ့ အမြင်မှား အထင်မှားတွေကို တည့်မတ်သွား

www.burmeseclassic.com

www.burmeseclassic.com



အောင် ငါ ပြုပြင်ပေးချင်တယ်"

"ဒါဆို ငါ့အကြံပေးချင်တာကတော့ အခု သင်္ကျာန် အနေနဲ့ မသွားနဲ့ သူငယ်ချင်း၊ လူသားအသွင်ပဲ ဖန်ဆင်းပြီး သွား၊ တန်ခိုးရှိတဲ့ လူသားပေါ့။ သူတို့နဲ့ အသွင်ချင်းတူရင် ပိုပြီး ချဉ်းကပ်ဖို့ လွယ်တာပေါ့"

သူ့အကြံပေးချက်ကို လူ့ပြည်သွားမယ့် တန်ခိုးရှင်ကလည်း သဘောတူတယ်။ ဒါနဲ့ လူသား အသွင် ဖန်ဆင်းရောဆိုပါတော့။ အချိုးကျ အပြည့်စုံ ဆုံး အတောင့်တင်း အသန့်မာဆုံး လူသား၊ ခန္ဓာကိုယ် မျိုး ဖြစ်အောင် သူ ဖန်ဆင်းခဲ့တယ်။

သူ ဖန်ဆင်းပြီးတဲ့အခါ သူငယ်ချင်းက သေချာကြည့်တယ်။

"အင်း... မင်းဟာက ဆိုးတော့ မဆိုးပါဘူး၊ ဒါပေ မယ့် တစ်ခုခု လိုနေသလိုပဲ"

"ဘာလိုလို့လဲကွာ၊ ငါ... လူ့အဖြစ်ရဲ့ တကယ့် လိုအပ်သမျှဟာတွေ အကုန်ပြည့်စုံအောင် ထည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖန်ဆင်းထားတာပဲ"

သူငယ်ချင်းက စဉ်းစားတယ်၊ ပြီးမှ...

"ဟာ... ဟုတ်ပြီ၊ အရိပ်ကွ အရိပ်၊ မင်းဖန်ဆင်းထားတဲ့ လူ့ခန္ဓာကိုယ်မှာ အရိပ်မပါဘူး"

"ဟာ... ဒါက အရေးမကြီးပါဘူးကွာ၊ အရိပ်ဆိုတာ ခန္ဓာကိုယ်ရဲ့ ရောင်ပြန်ဟပ်ချက်မျှသာပဲ၊ ဘာများ အရေးကြီးလို့လဲ၊ အလကား ဝန်ပိုတောင် ဖြစ်သေးတယ်။ ငါက လူတွေကို စံပြဖြစ်ရမှာကွ၊ ဒီတော့ ငါကိုယ်တိုင်က ဒီအရေးမကြီးတဲ့ အရိပ်ကြီးကို အရေးအရာ လုပ်ပြီး သယ်မသွားချင်ဘူး"

"မဟုတ်သေးဘူးနော် သူငယ်ချင်း၊ လူတွေက အစွဲအလန်းကြီးတယ်၊ အဲ့ဒီ ဘာမှ အရေးမပါတဲ့ အရာတွေပေါ်မှာ သွား အဓိက ထားချင်လဲ ထားနေမှာ"

သူ ဘယ်လိုပဲပြောပြော ဟိုတစ်ယောက်က နားမဝင်ပါဘူး၊ သူငယ်ချင်းကို

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူစမ်းပါနဲ့ကွာ"

လို့သာ ပြောရင်း လူ့ပြည်ဆင်းသွားတယ်။

ကျန်ခဲ့တဲ့ တန်ခိုးရှင်ကတော့ စိတ်တထင့်ထင့်ပေါ့။

လူ့အသွင်ယူလာတဲ့ တန်ခိုးရှင်ဟာ လူ့ပြည်ရောက်တာနဲ့ သူ့အစီအစဉ်အတိုင်း အားကျိုးမာန်တက် အကောင်အထည် ဖော်တော့တာပါပဲ။

လူတွေ အကျိုးအတွက် နည်းမျိုးစုံနဲ့ ကူညီတယ်။

အားနည်းသူ ဖေးမ၊ နွမ်းပါးသူ ကယ်တင်နဲ့ လူတွေရဲ့ အထင်မှား အမြင်မှားတွေကို တည့်မတ်အောင် တတ်နိုင်သမျှ လမ်းညွှန် ပေးခဲ့တယ်။

အဲ့ဒီလိုနဲ့ ...

လူတွေအားလုံး သူ့နောက် လိုက်လာတဲ့ အချိန်၊ လူ့ဘောင် လောကကြီး တစ်ခုလုံး သူ့ကြောင့် သာယာ ဝပြောတော့မယ့် အချိန်မှာ...

စပ်စုသူ တစ်ယောက်ကစပြီး သူ့အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိသွားတယ်။

"ဟာ... တို့ရဲ့ ကယ်တင်ရှင်ကြီးမှာ အရိပ် မပါဘူး ဟေ့"

ဆိုတဲ့ သူ့စကားဟာ တစ်ယောက်က တစ်ယောက် ပျံ့နှံ့သွားခြင်းမှာပဲ အခြေအနေတွေက အားလုံး ပြောင်းပြန် ဖြစ်ကုန်ကြတော့တယ်။

လူတွေက သူ့ကို မယုံကြည်ကြတော့ဘူး။

အရိပ်မပါတာဟာ တစ္ဆေသူရဲလား၊ မကောင်းဆိုးဝါးလား ဆိုပြီး သူနဲ့ ဝေးဝေးကို ရှောင်ကြဉ်လာတယ်။

လှမ်းပေးနေတဲ့ သူ့လက်ထဲက အကူအညီထက် သူ့ရဲ့ နောက်က အရိပ်ကိုပဲ အလေးထားကြည့်နေကြတော့တဲ့အခါ သူဟာ လူတွေကို စိတ်ပျက်လာပါတော့တယ်။

ဒီအချိန်မှာ ကောင်းကင်ဘုံက စောင့်ကြည့်နေတဲ့ သူငယ်ချင်းကလည်း ဒါကို လှမ်းမြင်တယ်။

လူတွေရဲ့ အထင်အမြင်မှားကို ဖျောင်းဖျဖို့၊

www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းကို ကူညီဖို့ လူ့ပြည်ကို သူ ချက်ချင်း လိုက်ဆင်းလာတာပေါ့။

သူ့ကျတော့ ...

လူတွေဟာ အရိုပ်ကို သိပ်အလေးထားတယ် ဆိုပြီး...

အရိုပ်ချည်းဖန်ဆင်းပြီး ဆင်းလာတယ်။

ခန္ဓာကိုယ် လုပ်ဖို့လဲ သူ အချိန်မရတော့ဘူး လေ။

ဒါပေမယ့် သူလဲ မအောင်မြင်ပါဘူး။ လူတွေ က သူ့ကို သတိတောင်မှ မပြုမိကြပဲကိုး။ သူ ဘယ်လို ဖျောင်းဖျလို့ ရမလဲ... ။

နောက်ဆုံးတော့ လူတွေကို စိတ်အပျက်ကြီး ပျက်သွားတဲ့ တန်ခိုးရှင် နှစ်ယောက်ဟာ လူ့အရပ် တစ်နေရာမှ ဆုံစည်းမိကြရင်း စိတ်မကောင်းစွာနဲ့သာ ကောင်းကင်ဘုံဆီ ပြန်တက်ခဲ့ကြပါတော့တယ်။

လူ့ဘုံက ခွာစဉ်မှာ သူတို့ဟာ မှတ်ချက် တစ်ခု ပြုသွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေဟာ ထူးဆန်းဘယ်၊ ဘာလို့မှ အရေး
မပါတဲ့ အရိပ်တွေ ပေါ်မှာ အရေးတကြီး ရှုပ်နေ
ကြသလဲ မသိဘူး၊ အရိပ်ချည်းပဲသို့ သူတို့မြင်
တောင် မမြင်သိနိုင်ကြဘူး။ ဒါပေမယ့် အဲ့ဒီ
အသုံးမဝင်တဲ့ အရိပ်တွေနဲ့ပဲ အရာတစ်ခုကို
ကြည့်ရှု အကဲဖြတ် နေကြတယ်"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအပိုင်း

တစ်ခါတုန်းကပေါ့...

မြင်းတစ်ကောင်ဟာ လူဖြစ်ချင်တဲ့အတွက် ထပ်တလဲလဲ ဆုတောင်းခဲ့တယ်။

"တပည့်တော်ကို လူအဖြစ် ဖန်ဆင်းပေးပါ"

ပေါ့။

သူ့ဆုတောင်းကို နားငြီးလာတဲ့ တန်ခိုးရှင် တစ်ပါးဟာ တစ်နေ့မှာ ဆုတောင်းအတိုင်း ပြည့်စေဆိုပြီး ဖန်ဆင်းပေးလိုက်တယ်။

ဒါပေမယ့် မြင်းဆိုတာက အငြိမ်မနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

မြင်းဘဝကနေ လူအဖြစ် ဖန်ဆင်းပေးတဲ့ အချိန်မှာ မြင်းက ခုန်ပေါက်နေလို့ 'နေ'နဲ့ သူ့မျက်နှာ ဆန့်ကျင်ဘက် အနေအထား (အလင်းရောင်ကို ကျောခိုင်းရက်သား အနေအထား) ဖြစ်သွားတယ်။

အဲဒီအနေအထားအတိုင်းပဲ မြင်းဟာ လူဖြစ် လာတာပေါ့။

လူဖြစ်ပြီးပြီးချင်းမှာပဲ သူဟာ ထူးခြားမှု တစ်ခုကို သွား သတိပြုမိတယ်။

သူ့ရှေ့တည့်တည့်မှာ အရိပ်ကျနေတာလေ။

နေကို သူကျောခိုင်းထားတာဆိုတော့ မျက်နှာ မူရာမှာ သူ အမှောင်ရိပ်တစ်ရိပ် မြင်နေရတာပေါ့။

သူက အမှောင်ကို မကြိုက်ဘူး။

အဲဒီအတွက် ဘာလုပ်ရမှန်းမသိတဲ့အခါ မြင်း ဘဝက လာသူမို့ အပြေးကို အားပြုတတ်တဲ့ ဉာဉ် အတိုင်း ပြေးပါလေတော့တယ်။

သူ ဘယ်လိုပဲ ပြေးပြေး အမှောင်ဆီကတော့

www.burmeseclassic.com

www.burmeseclassic.com



မလွတ်ပါဘူး။

ကြည့်လိုက်တိုင်း သူ့ရှေ့တည့်တည့်မှာ အမှောင်ရိပ်က ရှိနေတုန်းပဲ။

ဒီတော့ ငိုရင်း၊ ညည်းတွားရင်း၊ မောပန်းနွမ်းလျရင်းနဲ့ သူ ပြေးမြဲ ပြေးတယ်။

သူ နုံနုံလေး လှည့်လိုက်တာနဲ့ နေမင်းကြီးဘက် မျက်နှာပြုပြီး အမှောင်ကနေ သူ လွတ်မှာပါ။

ဒါပေမယ့် ဒါကို သူ မသိဘူး။

သူကျောခိုင်းထားတဲ့ဘက်မှာတော့ လောကဟာ လင်းထိန်ဝင်းပလို့...

သူကတော့...

ကမ္ဘာဦးကတည်းကနေ ခုထိ... ဆက်ပြေးမြဲပြေးနေတုန်းပဲ။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

# တတိယအရိပ်

ပညာရှိ ဆိုသူဟာ ရွာတစ်ရွာကို ရောက်သွားတယ်။

သူက သူ ပညာရှိ ဖြစ်ကြောင်း လူတွေကို ကြွားဝါချင်နေတဲ့သူ၊ သိပ်ပညာပြချင်နေတဲ့သူလေ။

လျှောက်လာရင်း ရွာလည်က ဇရပ်တစ်ခု အလယ်မှာ လူတွေ ဝိုင်းဖွဲ့ အနားယူနေကြတာ သူ သွားတွေ့တယ်။

သူက ဒါ အကွက်ကောင်းပဲပေါ့။ လူတွေကို သူ ပညာရှိ ဖြစ်ကြောင်း သိအောင် ပြရမယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ဆီ ဦးတည် သွားတုန်းမှာ...

ညမှောင်စပျိုးလာပြီမို့ ကလေးတစ်ယောက်က ဖယောင်းတိုင် တစ်တိုင် လာထွန်းတာ တွေ့လိုက်တယ်။

ဒါနဲ့ အကြိုက် တွေ့သွားတဲ့ ပညာရှိဟာ

"ဟေ့ကလေး ခု မင်းထွန်းလိုက်တဲ့ ဖယောင်းတိုင်မှာ အလင်းရောင် ဘယ်ကလာသလဲဆိုတာ သိလား၊ နဂိုက သူ့မှာ အလင်းမရှိဘူး၊ ခုမှ အလင်းရှိလာတယ်။ ဒီတော့ အဲ့ဒီ အလင်းရောင် ဘယ်ကလာသလဲ... ပြီးတော့ အလင်းရောင် ရလာတာနဲ့အမျှ သူ့မှာ အရိပ်လဲ ရှိလာတယ်။ အလင်းက အရင်လာသလား၊ အရိပ်က အရင်လာသလား"

ဆိုပြီး ခပ်တည်တည် မေးလိုက်တယ်။

ပြီးတော့ သူ့ကိုယ်သူလဲ တော်တော် ကျေနပ်သွားတယ်။ တယ်တော်တဲ့ငါ၊ တယ်စဉ်းစားတတ်တဲ့ငါပါလားပေါ့။ လက်ပိုက်ရင်း မိန့်မိန့်ကြီး ပြုံးပြီး

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တယ်။

ရွာသူ ရွာသားတွေကလည်း သူ့စကားကို တော်တော် စိတ်ဝင်စားသွားတယ်။

"ဟာ ဟုတ်သားပဲ၊ ငါတို့ မစဉ်းစားမိဘူး ကြည့်စမ်း၊ ဟုတ်တယ်။ နက်နက်နဲနဲ တွေးကြည့်ရင် ဒါ တော်တော် လေးနက်တာပဲ"

ဘာညာနဲ့ ကျွတ်စိကျွတ်စိ ဖြစ်ကုန်တယ်။

ကလေးကတော့ ဒေါ်ပွသွားတာပေါ့။

ငါ့ပာငါ လူတွေအလင်းရအောင် စေတနာနဲ့ ဖယောင်းတိုင် တွန်းတာကို ဒီလူကြီး ဘာလာရစ်နေမှန်း မသိဘူးဆိုပြီး ဖုံးဖိုးဆတ်ဆတ် ထလို့ ဖယောင်းတိုင်ကို ဖျပ်ကနဲ သွားမှုတ်ငြိမ်းလိုက်တယ်။ ပြီးတော့ ပညာရှိကြီးဘက် လှည့်ပြီး ပြန်မေးတယ်။

"ကဲ အခု ဖယောင်းတိုင် ငြိမ်းလိုက်ပြီ။ အလင်းရော အရိပ်ပါ ပျောက်သွားပြီ။ ဘယ်ဟာက အရင်ပျောက်သလဲ၊ ဒီဖယောင်းတိုင်မှာ ခုနက အလင်းရှိနေရာကနေ အခု ဘယ်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ ဆရာကြီးရှေ့မှာ ပျောက်သွားတာပဲ ဆရာကြီး ဖြေပါဦး"

သူ့စကားအဆုံးမှာ မီးသေသွားတဲ့ ဖယောင်းတိုင်မီးစလေးတင်မက အားလုံး ငြိမ်သက် တိတ်ဆိတ်သွားကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရွက် (၇)

# အနိုင်ယူခြင်း

www.burmeseclassic.com

www.burmeseclassic.com

အနယ်နယ်အရပ်ရပ်က ပြိုင်ဘက်များစွာကို လှည့်လည် ထိုးသတ်လာပြီးတဲ့ လက်ဝှေ့ကျော်ကြီး တစ်ယောက်ဟာ သူတော်စင် တစ်ပါးရဲ့ ကျောင်းသခ်ၤန်းရှေ့ကို ရောက်လာတယ်။

ရောက်ရောက်ချင်း သူ မဝင်သေးပဲ အပြင်ကနေ အကဲခတ် ကြည့်တယ်။

ခနိမ့်မိုး ထရံကာ ကျောင်းကလေးဟာ ယိုင်နဲ့နဲ့...။ အားကောင်းမောင်းသန် လူတစ်ယောက်တက် ခုန်လိုက်ရင်တောင် မှ ချက်ချင်း ပြိုကျသွားမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပုံ။ နေလောင်ဒဏ်ကြောင့် ကျောင်းကလေးရဲ့ ဝါးတိုင်တွေဟာလဲ မဲညစ် ဆွေးမြေ့လို့...။

အတန်ကြာ ရပ်ရင်း ကြားရတဲ့ သတင်းတွေ ဟုတ်ပါ့မလားလို့ သူ သံသယ ဝင်လာတယ်။

အို ဘာပဲဖြစ်ဖြစ် ဒီရောက်ပြီးမှတော့ မေးကြည့်တာ မမှားပါဘူးလို့ ကျောင်းဝင်းထဲ ခြေလှမ်းစတုန်းမှာပဲ...

သူတော်စင်အိုကြီး တစ်ပါးဟာ ခနော်ခနဲ့ ကျောင်းလေးထဲကနေ တစ်လှမ်းချင်း ယိုင်ယဲ့ယဲ့ ထွက်ပေါ်လာပါတော့တယ်။

လက်ဝှေ့ကျော်က ခပ်သွက်သွက် တိုးသွားပြီး မေးလိုက်တယ်။

"အဖိုးကြီး ခင်ဗျားက ဒီကျောင်းမှာ နေတာလား"

သူတော်စင်အိုကြီးက မျက်လွှာပင့်ကြည့်တယ်။ ပြီးတော့ တည်ငြိမ်တဲ့ လေသံနဲ့...

"ဟုတ်ပါတယ်"

"ဒီကျောင်းမှာ ခင်ဗျားအပြင် တခြား ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com



မနေဘူးလား"

မေးသာ မေးရတယ်။ ဒီကျောင်းလေး ခနော်ခနဲ့မှာ တစ်ယောက်တည်းတောင် အတော် ငြိမ်ငြိမ်သက်သက် နေထိုင်ရမှာပါ။

သူတော်စင်အိုကြီးက ဒီစကားကိုလည်း မျက်လွှာချရင်းပဲ ခပ်ဖြေးဖြေး အဖြေပေးတယ်။

"မနေပါဘူး"

"ဒီကျောင်းမှာ နေတာ ခင်ဗျားတစ်ယောက်တည်း ဆိုတာ သေချာတယ်နော်"

လက်ဝှေ့ကျော်က မျက်မှောင်ကျုံ့ရင်း ဟိန်းသလို ဟောက်သလို မေးပေမယ့် သူတော်စင်ကြီး ကတော့ ဘာမှ ပြောင်းလဲ မသွားဘူး။

"သေချာပါတယ်။ ငါ တစ်ယောက်တည်းပဲ နေတာပါ"

"ဒါဆို ခင်ဗျားနဲ့ကျုပ် လက်ဝှေ့သတ်ရအောင်"

ပြောပြောဆိုဆို လက်ဝှေ့ကျော်က တဖျောင်းဖျောင်း လက်ခမောင်းခတ်ရင်း ခုန်ဆွခုန်ဆွ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝှေ့ရေးတွေ ဘာတွေ ပြင်နေပြီ။

သူတော်စင်အိုကြီးက မျက်လွှာပင့်လာတယ်။

"ဘာပြောတာလဲ"

"ခင်ဗျားနဲ့ လက်ဝှေ့ထိုးမယ်လို့ ပြောတာလေ၊ ခင်ဗျားကို ကျုပ် စိန်ခေါ်တယ်၊ လာဗျာ... ထိုးရအောင်"

"မင်း စိတ်တော့ ကောင်းပါသေးတယ်နော်"

"ကောင်းပါတယ်ဗျ၊ ကောင်းလို့ လက်ဝှေ့ရေးအားလုံးတောင် တစ်ခုမှ မမေ့ဘူး။ မယုံရင် ခင်ဗျားကျုပ်နဲ့ ထိုးကြည့်ပါလား"

"မသိပါဘူးကွာ၊ ငါ့လို အဖိုးကြီးကို မင်းလို တကယ့်လက်ဝှေ့သမားကြီးက လက်ဝှေ့ထိုးဖို့ လာစိန်ခေါ်နေတော့ တွေးရခက်သွားလို့ပါ"

"ဒါလား... ခင်ဗျားက ဒီနယ်တလွှားမှာ တစ်ခါမှ မရှုံးဖူးသေးတဲ့သူ ဆိုပြီး နာမည်ကျော်နေတာကြောင့် ကျုပ်ခင်ဗျားနဲ့ ထိုးချင်တာပေါ့"

"ငါကတော့ မင်းနဲ့ မထိုးချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မရဘူးဗျ၊ ကျုပ်ခင်ဗျားနဲ့ ထိုးရမှ ဖြစ်မယ်။ ကျုပ်ကလည်း ခုထိ ပြိုင်ခဲ့သမျှ အနိုင်ယူလာတဲ့ ကောင်၊ ဘယ်သူ့မှ ဗိုလ်မထားဘူး။ ကျုပ်က လွဲလို့ တစ်ခါမှ မရှုံးဖူးတဲ့သူဆိုတာ မရှိရဘူးဗျာ"

"ဘာဆိုင်လို့လဲ မောင်ရင်ရယ်"

"ဆိုင်တာပေါ့ဗျ၊ တစ်ဂူထဲ ခြသေ့်နှစ်ကောင် အောင်းလို့ ဘယ်ဖြစ်မလဲ၊ နေပါဦး ခင်ဗျားက တကယ်ပဲ တစ်ခါမှ မရှုံးဖူးသေးဖူး ဆိုတာ ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေ၊ ဒါ အမှန်ပဲ"

"ကဲ... ဒါဆို ထိုးရအောင်ဗျာ"

"ဟင်အင်း... ငါ မထိုးချင်ဘူး"

လက်ဝှေ့ကျော်ကြီး ဒေါပွစပြုလာတယ်။

"ခင်ဗျား ကျုပ်နဲ့ ထိုးမလား မထိုးဘူးလား၊ မထိုးရင် ကျုပ်အကြောင်း သိသွားမယ်နော်"

"မင်းအကြောင်း သိတော့လဲ ကောင်းတာပေါ့ကွာ၊ ကဲ ပြောပြ စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ပြောတာမဟုတ်ဘူးဗျ၊ ကဲ အဖိုးကြီး အူကြောင်ကြောင် လုပ်မနေနဲ့ဗျာ၊ ကျုပ် စိတ်မရှည်တော့ဘူး၊ ဘာလဲ ခင်ဗျားက ကျုပ်စကားကို နားမထောင်ဘူးပေါ့"

"မင်းစကားမှ မဟုတ်ဘူး၊ ကျုပ်က ဘယ်သူ့စကားမှ မလိုက်နာဘူးကွ၊ တစ်ခြားသူတစ်ယောက်ရဲ့ စကားအတိုင်း လိုက်နာတယ်ဆိုတာ၊ ကြောက်လို့ရင်လဲဖြစ်မယ်၊ အပေးအယူ လိုအပ်ချက် တစ်ခုကြောင့်ရင်လဲဖြစ်မယ်၊ ကျုပ်က ကြောက်ခြင်းကိုလဲ ပယ်စွန့် ပြီးပြီပဲ၊ ဘာမှလဲ မလိုချင်တော့တဲ့အတွက် အပေးအယူကိစ္စ တွေလဲ ပယ်စွန့်ခဲ့ပြီးပြီ"

လက်ဝှေ့ကျော်ကြီး ခေါင်းခါတယ်၊ သူတော်စင်အိုက တည်တည်ငြိမ်ငြိမ် ပြောနေသလောက် သူကတော့ ရှူးရှူးရှားရှားနဲ့ ဒေါသ ထွက်နေလေရဲ့။

"ကျုပ်စကား နားမထောင်ရင် ခင်ဗျား ခေါင်းနဲ့ ကိုယ် အိုးစား ကွဲသွားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ငှါခေါင်းနဲ့ကိုယ်ကို အစောကြီးတည်းက ပိုင်းခြားထားပြီးသားပါကွာ၊ ငါက တခြား၊ ငှါခန္ဓာ ကိုယ်က တခြားစီကွ၊ ငှါခန္ဓာကိုယ်ဟာ ငါ ခေတ္တ ဝင်ရောက်ခိုအောင်းနေတဲ့ အိမ်ကလေးပါ၊ ငါဟာ ကမ်းစပ်မှာ နောက်ဆုံး ကြိုးမျှင်တစ်ခုတည်းနဲ့ ချည်ထားတဲ့ လှေပါ။ အခု မင်း ငှါခေါင်းနဲ့ကိုယ်ကို အိုးစားကွဲအောင် လုပ်လိုက်လဲ ငှါရုပ်ခန္ဓာကိုပဲ လုပ်လို့ရမှာ၊ ငါက သပ်သပ် ငှါရုပ်ခန္ဓာက သပ်သပ်ကွ"

သူတော်စင်အိုက လေအေးအေးလေးနဲ့ ရှင်းပြနေပေမယ့် လက်ဝှေ့ကျော်က မတည်မငြိမ်နိုင်ဖြစ်နေ တယ်။ သွေးရူးသွေးတန်းနဲ့ သူဟာ ကိုယ့်စိတ်ကို မထိန်းသိမ်းနိုင်တော့ဘူး။

အသားတွေ တဆတ်ဆတ် တုန်ရင်း ငိုချင်သလို ရယ်ချင်သလို ဖြစ်လာတယ်။

သူ့ ဘဝမှ အန္တရာယ် မပြုတဲ့ အဘိုးကြီးကို သူက စထိုးရမှာလဲ ခက်နေတယ်။ နောက်ဆုံး အနီးက သစ်ပင်ကို ချိုင့်ခွက်ဝင်သွားအောင် ပစ်ထိုးလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးနေတော့တယ်။

သူတော်စင်အိုကြီးက သူ ငိုကြွေးလို့ ဝတဲ့အထိ စောင့်နေတယ်။

ပြီးမှ နွေးထွေးလှတဲ့ ဂရုဏာသံနဲ့ မေးတယ်။

"ဘာလို့ ငိုရပါသလဲ သား"

လက်ဝှေ့ကျော်ကြီးက မျက်ရည် မစဲသေးဘူး၊ ငိုသံပါကြီးနဲ့ပဲ ဗလုံးဗထွေး ရင်ဖွင့်တယ်။

"ကျုပ်ဟာ ဒီလက်ဝှေ့ပညာအတွက် ဘဝကို ပေးထားတာဗျ၊ မိဘကိုလဲစွန့်၊ ချစ်သူကိုလဲစွန့်ပြီး ဒီလက်ဝှေ့ပညာအတွက် ကျုပ်အားလုံးကို ပေးဆပ်ခဲ့တယ်၊ လောကမှာ ကျုပ်ဟာ အကြီးမြတ်ဆုံး အောင်နိုင်သူ ဖြစ်ရမယ်၊ ကျုပ်ကို မရှုံးဘူးတဲ့သူ မရှိရဘူး၊ အဲ့ဒီလို ရည်ရွယ်ထားတာ၊ အခုခင်ဗျားနဲ့ကျမှ လက်ဝှေ့ တစ်ချက်တောင် မထိုးရပဲ ကျုပ် ရှုံးသလို ခံစားနေရပြီဗျာ"

သူတော်စင်အိုကြီးက သူ့ကို နှစ်သိမ့်ဖို့ ပြင်စဉ်မှာပဲ လက်ဝှေ့ ကျော်ဟာ ဒူးထောက် လိုင်ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"လူတွေက ခင်ဗျားကို မရှုံးတဲ့လူလို့ ပြောကြတယ်ဗျာ၊ အမှန်ပဲ နေမှာပဲ။ အဲ့ဒီ မရှုံးတဲ့ ပညာလေး ကျုပ်ကို သင်ပေးစမ်းပါဗျာ၊ ကျုပ် ခင်ဗျားဆီ တပည့်ခံပါတယ်၊ ကျုပ် လူတိုင်းကို အနိုင်ယူချင်လို့ပါ"

သူတော်စင်အိုကြီးက သက်ပြင်းချတယ်။

"မင်းမှားနေတယ် ငါ့သား၊ ငါက ငါ့ကို ဘယ်သူမှ မရှုံးနိမ့်စေခဲ့ဘူးလို့ ပြောတာ မင်းက နိုင်ချင်တယ်လို့ ပြောတာ တစ်ခြားစီ ဖြစ်နေပြီ"

"မရှုံးနိမ့်တာဟာ နိုင်တာမဟုတ်ဘူးလား"

"ဟင့်အင်း၊ ငါ့ကို ဘယ်သူကမှ မရှုံးနိမ့်စေခဲ့တာဟာ ငါက ထာဝရ အရှုံးပေးပြီးသားမို့ပါ။ ဒီလို လူမျိုးကို ဘယ်သူက ရှုံးသွားအောင် လုပ်နိုင်မလဲ၊ ငါဟာ ဘယ်တုန်းကမှ အနိုင်မယူချင်ခဲ့ဖူး၊ ဒါကြောင့် မရှုံးဘူး။ ငါဟာ ဘယ်တုန်းကမှ မမော်ကြွားချင်ခဲ့ဘူး။ ဒါကြောင့် အစော်ကား မခံရဘူး"

www.burmeseclassic.com

www.burmeseclassic.com



လက်ဝှေ့ကျော်က မျက်လုံးကို ပေကလပ် ပေကလပ် လုပ်ရင်း နားထောင်နေတယ်။ သူတော်စင်ကြီးက ဆက်ရှင်းပြပါတယ်။

"ငါဟာ လူတွေရဲ့ အထက်မှာ ဘယ်တုန်းကမှ မနေချင်ခဲ့ဖူးဘူး၊ ဘယ်လို ချီးကျူး ဂုဏ်ပြုမှုမျိုးကိုမှလဲ မမျှော်လင့်ခဲ့ဖူးဘူး၊ ဘယ်လို အပြုအမူမျိုး၊ ဘယ်လို ဆက်ဆံပုံမျိုးကိုမှ ငါက ငါ့ကို နှိမ့်ချတယ်လို့ မခံယူခဲ့ဖူး၊ ဒီတော့ ငါလဲ ဘယ်တော့မှ မနှိမ့်ကျခဲ့ဖူးဘူး ပေါ့ကွာ"

စကားသံတွေကြားမှာပဲ လက်ဝှေ့ကျော်ကြီးရဲ့ လက်သီးတွေ ပြေကျသွားတယ်။ မာန်မာနတွေနဲ့ အားကောင်းမောင်းသန် လက်ဝှေ့ ကျော်ကြီးဟာ မြေပေါ်မှာ ဒူးထောက်လို့... ။

ခနော်ခနဲ့ အဖိုးအိုကတော့ ဖြောင့်ဖြောင့် မတ်မတ် ရပ်လို့...။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရွက် (၈)

## ငါဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ဟာ တောထဲမှာ သစ်မြစ် သစ်ဖုတွေရှာရင်း မျက်စေ့လည် လမ်းမှားလို့ တောနက်သထက် နက်ရာကို ရောက်လာခဲ့တယ်။ တစ်နေရာမှာ ဂူတစ်ဂူရဲ့အထဲ အရောင်တွေ ပြိုးပြိုး ပြက်ပြက် တောက်ပနေတာတွေ့လို့ ဝင်လိုက်တဲ့ အခါ...

ဂူထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရပါတယ်။

ပုဂ္ဂိုလ်ဟာ လမ်းမှားလာသူနဲ့ သက်တူ ရွယ်တူ

www.burmeseclassic.com

www.burmeseclassic.com



သက်လတ်ပိုင်းလောက်ပဲ ရှိမယ်လို့ ထင်ရတယ်။ ဒါပေမယ့် သူ့မျက်နှာကြည့်ပြီး သူ့အသက် အရွယ် အတိအကျကို ခန့်မှန်းလို့ မရဘူး။

သူ့အသွင်က သိပ်တည်ကြည် ခန့်ငြားပြီး မြင်ရုံနဲ့ ဦးညွတ် လေးစားချင်စရာ ကောင်းနေတယ်။

အသားက ခပ်ဖြူဖြူ... စိုစိုပြေပြေ၊ မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး ရေးရေးနဲ့ မျက်နှာကျက လေးထောင့်ဆန်ဆန်၊ မျက်လုံးတွေက ကြည်ကြည်တောက်တောက်၊ တင်းတင်း စေ့ထားတဲ့ နှုတ်ခမ်းတွေက တကယ့် ယောက်ျားကောင်း တစ်ယောက်ရဲ့ ပြတ်သားမှုမျိုးကို ဖော်ပြနေတယ်။

အရပ်က တော်တော် မြင့်တယ်။ ခြောက်ပေကျော်လောက်တောင် ရှိမလားပဲ၊ ပခုံးနှစ်ဖက်က ပြန့်ပြန့်ကျယ်ကျယ်၊ သျှောင်ကို တစ်စောင်းထုံးလို့၊ လက်ထဲ တောင်ဝှေး အညိုရောင် တစ်ချောင်း ကိုင်ပြီး ခပ်မတ်မတ် ရပ်နေပုံဟာ ကြည်ညို လေးမြတ်ချင်စရာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးက လမ်းမှားလာသူကို လက်ယပ်ခေါ်တယ်။

လမ်းမှားလာသူ ခပ်ယို့ယို့ ဝင်သွားတဲ့အခါ ပုဂ္ဂိုလ်ကြီးက ဖြူးနွှင်တဲ့ အမူအရာကို ပြပြီး။

"ရဲရဲသာ ဝင်လာပါ ငါ့သား"

လို့ အမိန့်ရှိတယ်။

သူ့အသံဟာ ပါးစပ်က ပြောတာပေမယ့် ဟိုး အဝေးကြီးက လာသလို ထင်ရတယ်။

လှိုက်သံပေါက်ပြီး ဟိန်းနေတယ်။

သူ့နား တိုးကပ်သွားလေလေ၊ သူ့ဆီက ကိုယ်ရောင်ကိုယ်ဝါဟာ ထင်ရှားလာလေပဲ။ တောက်တောက် လင်းပတဲ့ အလင်းရောင်ပေမယ့် မျက်စေ့ မစူးဘူး။ သူ့နားရောက်သွားတဲ့အခါ ရင်ထဲမှာ နွေးထွေးပြီး အရေပြားတွေပေါ်မှာ အေးမြသွားသလို ခံစားရတယ်။

ခုနက လမ်းမှားကို ခရီးနှင်ရင်း မောပန်းလာခဲ့သမျှ ပြေပျောက်သွားသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးက သူ့ပုခုံးပေါ် အသာအယာ လက်တင်ရင်း စကားဆိုတယ်။

"မင်းဟာ ငါနဲ့ ဘဝဟောင်းက ဆွေမျိုး တော်စပ်ခဲ့ဖူးတယ် ငါ့သား၊ အခု ဒီဂူဆီ မင်းရောက်လာတာကလည်း ဒီလို ရေစက်ပါလို့ပဲ ဖြစ်တယ်၊ ဒီတော့ မင်းကိုငါ တတ်စွမ်းတဲ့ ပညာနဲ့ ကူညီပေးမယ်"

လမ်းမှားလာသူက မဝံ့မရဲ မေးလိုက်တယ်။

"ခင်... ခင်ဗျားက ဘယ်သူလဲ"

"ငါလား ...အင်း... မင်းတို့ အရပ်သုံးစကားနဲ့ လွယ်လွယ် ပြောရရင်တော့ ဆေးဝိဇ္ဇာကြီး တစ်ပါးလို့ပဲ မှတ်ထားလိုက်ပေါ့ကွာ"

"ဆေးဝိဇ္ဇာ"

"ဟုတ်တယ်၊ ငါဟာ ဆေးတွေ ဖော်စပ်သုံးစွဲပြီး ဘယ်တော့မှ အသက်မသေအောင် နေလို့ရတာ ပေါ့"

"ဟို... ကျွန်တော့်ကိုရော၊ ဘယ်တော့မှ မသေအောင် လုပ်ပေးမှာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှားလာသူက အားကြိုးမာန်တက် ဖြစ်သွားတယ်။ ဆေးဝိဇ္ဇာကြီးက အသာပြုံးတယ်။

"အဲ့ဒီလောက်ထိတော့ ငါ လုပ်မပေးဘူး၊ ဒါပေမယ့် နည်းတော့ ပေးမယ်၊ ပြီးတော့ မင်းကိုငါ လုပ်ပေးမှာက သက်တမ်းစေ့ နေနိုင်ပြီး အနာ အဖျား ကင်းအောင်ပဲ"

ဒီလောက်ဆိုလဲ မဆိုးပါဘူးလို့ တွေးမိပြီး လမ်းမှားလာသူက ကျေးဇူးစကား ဆိုလိုက်တယ်။

ဆေးဝိဇ္ဇာကြီးက ဆေးလုံးလေး တစ်လုံး ထုတ်ပေးတယ်။

ဆေးလုံးလေးဟာ မန်ကျည်းစေ့လောက်လေး၊ ဘာအနံ့အသက်မှ မရှိဘူး။ ဒါပေမယ့် မျိုးချလိုက်တဲ့အခါကျတော့ လည်ချောင်း တစ်လျှောက်မှာ အေးပြီး ဆင်းသွားတယ်။ အဲ့ဒီ အအေးဓာတ်ဟာ ဟိုး အစာအိမ်ထဲထိ ရောက်သွားသလိုပါဘဲ။

ဆေးသောက်ပြီးတဲ့အခါ ဝိဇ္ဇာကြီးက ထိုင်ဖို့ ညွှန်ပြလို့ အနားက ကျောက်ဖျာတစ်ခုပေါ်မှာ လေး

www.burmeseclassic.com

www.burmeseclassic.com



မှားလာသူ ဝင်ထိုင်လိုက်တယ်။

ဒီအချိန်မှာပဲ ဆေးဝိဇ္ဇာကြီးက သူ့ရဲ့လက်တွေကို သတိပြု မိသွားပါတယ်။ ကျောက်ဖျာပေါ် လက်တစ်ဖက်နဲ့ အားယူထိုင်လိုက် တဲ့အခါ သိမ်နေတဲ့ လက်တွေဟာ အကျႌအတွင်းက တစ်စွန်းတစ်စ ထွက်ပေါ်လာတာကြောင့်ပါ။

"ဟင် မင်းလက်တွေ"

ဆိုပြီး ဆေးဝိဇ္ဇာကြီး စိတ်မကောင်း ဖြစ်သွားပုံပေါ်တယ်၊ ပြီးမှ စဉ်းစဉ်းစားစားနဲ့ ...

"မင်းလက်တွေကို လဲမလား"

တဲ့။ လမ်းမှားလာသူက ရုတ်တရက် နားမလည်ဘူး။

"ဩော် ငါ့ပညာနဲ့ မင်းလက်တွေကို တခြား သန်သန်စွမ်းစွမ်း လက်အကောင်းတစ်စုံနဲ့ လဲတပ်ပေးမယ်လို့ ပြောတာ"

လို့ ဆက်ပြောလိုက်တော့မှ လမ်းမှားလာသူဟာ ဝမ်းသာအားရ ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလို လုပ်လို့ ရသလား ဒါဆိုလဲ လုပ်ပေးပါ ဗျာ"

ဆေးဝိဇ္ဇာကြီးက အနောက်ဘက်ကို ညွှန်ပြတယ်။

"သွား... ဂူထဲမှာ လူလက်တွေ ပုံထားတယ်၊ အဲ့ဒီထဲက မင်းကြိုက်တာ သွားယူချေ"

သူဂူထဲ ဝင်သွားတဲ့အခါ ဆေးဝိဇ္ဇာကြီးလဲ အနောက်က လျှောက်လိုက်လာပါတယ်။

ဂူရဲ့အတွင်းပိုင်းဟာ အေးစိမ့်နေတယ်။ ဒါပေမယ့် လင်းလင်း ချင်းချင်းပဲ။ တခြားဂူတွေမှာလို လင်းနို့တွေ ဘာတွေ မတွေ့ရဘူး။ ဂူနံရံမှာ ရေညှိတွေတောင် မတွေ့ရဘဲ သန့်ရှင်း တောက်ပြောင်နေ တယ်။

ဂူတွင်း အဆုံးပိုင်းမှာတော့ လူရဲ့အင်္ဂါ အစိတ်အပိုင်းတွေကို ဟိုတစ်ပုံ ဒီတစ်ပုံ ပုံထားတာ တွေ့ရတယ်။

ခေါင်းကနေစပြီး ခြေဖျားအထိ ရှိသမျှ အင်္ဂါ ပစ္စည်းအစုံ၊ မျက်လုံးတွေ၊ နားရွက်တွေ၊ နှာခေါင်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com



လည်တိုင်တွေကအစ တစ်ပုံစီတစ်ပုံစီ ပုံထားတော့ သူဟာ ရုတ်တရက် လန့်သွားသလိုတောင် ဖြစ်မိတယ်။

နောက်မှ အားကိုတင်းရင်း လက်တွေ ပုံထားတဲ့ထဲက အကောင်းဆုံး လက်တစ်စုံကို ယူပြီး ဆေးဝိဇ္ဇာကြီးကို ပေးလိုက်တယ်။

ဝိဇ္ဇာကြီးက သွက်သွက်လက်လက်ပဲ အိတ်ထဲက ဓားတိုလို ဟာလေးယူပြီး သူ့လက်ကို ဆတ်ကနဲ ဖြတ်ချလိုက်တယ်။ နာကျင်တာလဲ မခံစားရဘူး။ သူ့မှာ သိတောင် မသိလိုက်သလိုပါပဲ။ လက်ဖျစ်တစ်တွတ်သာသာ အချိန်ကလေးအတွင်းမှာပဲ သူ့ရဲ့ လက်နှစ်ဘက်လုံးဟာ အသစ်လဲတပ်လို့ ပြီးသွားပြီ။

လက်သစ်ကိုတပ်ပြီး သွားတာနဲ့ သစ်ရွက်လိုဟာလေးနဲ့ ပွတ်လိုက်တာဟာ ဆက်ရာလေးတောင်မှ မကျန်ခဲ့ဘူး။ တကယ် မွေးကတည်းက ပါလာတဲ့ လက်တွေလိုပါပဲ။

သူဟာ လက်တွေကို ကွေးချည်၊ ဆန့်ချည်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း အရမ်း အံ့သြနေမိတယ်။ ခဏနေတဲ့အခါ ကျတော့ သူ့မှာ အံ့သြမှုနဲ့အတူ လောဘတွေပါ ပေါ်လာတော့တယ်။

သူ့ရဲ့ ကျန်ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကိုလည်း လဲချင်လာတာပါ။

ဟုတ်တယ်လေ၊ သူ့ရဲ့ရှိသမျှ ခေါင်း၊ ခါး၊ ခြေလက်တွေကို အကောင်းဆုံး အစိတ်အပိုင်း တွေနဲ့သာ လဲလှယ်တပ်ဆင်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ။

ဒီအတွေးနဲ့ ဆေးဝိဇ္ဇာကြီးကို ပန်ကြားတော့ အသာတကြည်ပဲ သဘောတူပါတယ်။

ဒီလိုနဲ့ သူဟာ ပုံထားတဲ့ထဲက ကိုယ်အင်္ဂါ အစိတ်အပိုင်း လေးတစ်ခု သွားယူလာလိုက်၊ လဲခိုင်းလိုက်နဲ့ ခြေလက်တွေတင်မက မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နားရွက် စတဲ့ မျက်နှာပြင်တစ်ခုလုံးပါ လဲဖြစ်ခဲ့တယ်။

ဒါနဲ့လဲ အတောမသတ်နိုင်သေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



နှလုံး၊ အဆုတ်၊ ကျောက်ကပ်စတဲ့ ကိုယ်တွင်း အင်္ဂါ အစိတ် အပိုင်းတွေကိုပါ ပိုကောင်းတဲ့ ဟာတွေနဲ့ လဲလှယ်လိုက်တော့တယ်။

လဲရတာက သိပ်လွယ်တာကိုး။

နာလဲမနာကျင်ဘူး။ သွေးတောင် တစ်စက်မှ မထွက်ဘူး။

ဦးနှောက်ကို လဲတဲ့အချိန်ကလွဲလို့ ကျန်တဲ့ ဟာတွေ လဲရတာက တကယ့်ကို ခဏလေးပဲ။ ဦးနှောက်လဲရတာတော့ နည်းနည်းလေး ကြာတယ်။

သူလဲတာက တကယ့် ဥာဏ်ကြီးရှင် ဦးနှောက်မျိုးကိုး။ အဲ့ဒီ ဦးနှောက်က သူနဲ့အထာကျ အောင် နဲနဲလေး လုပ်ယူရတယ်။ ပြီးတော့ သူ့ ဦးနှောက်ဟောင်းက သိမှတ်လာသမျှတွေကိုလဲ ဦးနှောက်အသစ်ဆီ ပြန်ကူးပြေး ထည့်ပေးရတော့ နည်းနည်း အလုပ်ရှုပ်တာပေါ့။

အားလုံး ပြီးသွားတဲ့အခါကျတော့ ဆေးဝိုင်း ကြီးတောင် နဲနဲ ပင်ပန်းသွားပုံပေါ်တယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲက ကွမ်းရွက်လိပ်ပုံလေး ထုတ်ရှုလိုက်တာနဲ့ ချက်ချင်း ပြန်အားပြည့်သွားပါတယ်။

သူ့ကို ရင်းရင်းနှီးနှီး ပြုံးပြရင်း...

"ကဲ... လဲစရာလည်း မကျန်တော့ဘူးဟော့၊ ငါလဲ လုပ်စရာ လေးတွေ ရှိသေးတယ်၊ မင်းပြန်ပေဦးတော့"

"ဟို... မသေအောင်နေဖို့ နည်းလမ်းပေးမယ်ဆို"

သူက ထပ်ကွန့်လိုက်ပြန်တော့ ဆေးဝိဇ္ဇာကြီးဟာ တဟားဟား ရယ်ရင်း...

"မင်း တော်တော် လောဘကြီးတဲ့ကောင်ပဲ... ဟောဒီမှာ ဒီပုရပိုဒ်ကို ယူသွား၊ ဒီထဲက ဆေးနည်းတွေ အောင်မြင်အောင် ကြံဆောင် ဖော်စပ်ပေတော့၊ ရိုးရိုး ဆေးဖော်ရုံနဲ့ မရဘူး၊ အဓိဋ္ဌာန်ပါဝင်ရတယ်၊ အေး ဖြစ်မဖြစ်ကတော့ မင်းရဲ့ပါရမီနဲ့၊ ကံဉာဏ် ဝီရိယပေါ် အများကြီး မူတည်လိမ့်မပေါ့ကွာ"

ပြောပြောဆိုဆို ပုရပိုဒ်တစ်ခု ထုတ်ပေးရင်း၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အပြန် လမ်းခရီးကိုပါ တစ်ပါထဲ ညွှန်ပြခဲ့ပါတယ်။

လိုဏ်ဂူထဲက ထွက်လာတော့ အတော်လေးမှောင်နေပါပြီ။

ဒါပေမယ့် ဝိဇ္ဇာကြီးက ညွှန်ပြလိုက်တဲ့အတွက် အပြန်လမ်းခရီးကို အခက်အခဲမရှိ သွားနိုင်ခဲ့တယ်။

လမ်းတစ်ဝက်အရောက်မှာ သူ လည်ပြန်ကြည့်မိတော့ ထူးထူးဆန်းဆန်းပါဘဲ ဝိဇ္ဇာကြီးရဲ့ ဂူဟာ ပျောက်ခြင်းမလှ ပျောက်သွားလေရဲ့၊ ဒါပေမယ့် နောက်ဆံငင်မနေတော့ဘဲ သူ့အိမ်ဆီသာ ခပ်သွက်သွက် လျှောက်ပြန်လာခဲ့တယ်။

အခုဆို သူ့ခန္ဓာကိုယ်ဟာ အကောင်းဆုံး အစိတ်အပိုင်းတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာ မဟုတ်လား။

အိမ်နဲ့ နီးကပ်လာလေ သူ့ခြေလှမ်းတွေဟာ ပိုပြီး အားမာန် အပြည့်နဲ့ ရှင်လန်းလာသလိုပါဘဲ လမ်းလျှောက်ရတာဟာ လေထဲမှာ လွင့်နေသလို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပြီး သွက်လက်နေတယ်။

ဒါပေမယ့် အိမ်ထဲ သူဝင်လိုက်တာနဲ့ပဲ ရှင်လန်းတက်ကြွ လာသမျှတွေဟာ ရုတ်တရက် ရပ်တံ့သွားရပါတော့တယ်။

သူ့အိမ်သားတွေဟာ သူ့ကို မမှတ်မိကြဘူး။

သူစိမ်းတစ်ယောက်လို အကြည့်မျိုးနဲ့ လှမ်းကြည့်ရင်း သူ့နှုတ်ဆက်အပြုံးကိုတောင် မတုံ့ပြန်နိုင်ကြဘူး။ အိမ်ပေါ်တက်လာ တဲ့သူ့ကို မျက်လုံးတွေ အပြူးသားနဲ့...

"ရှင် ဘယ်သူလဲ"တဲ့

ပထမတော့ သူကြောင်သွားတယ်။ ဒါပေမယ့် တုံ့ပြန်ချိန် မရခင်မှာ အိမ်သားတွေ အကုန်ဝိုင်းလာပြီး သူ့ကို မောင်းထုတ်ကြပါတော့တယ်။

အဲ့ဒီအချိန်ထိပဲ သူ တအံ့တသြ ဖြစ်နေတုန်း ပါ။

အဖြစ်မှန်ကို အိမ်ပေါက်ဝက သူပြန်အဆင်း ကြေးမုံမှန်ကြီး ရှေ့ ဖြတ်သန်းသွားရတော့မှပဲ သူ

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိလိုက်တယ်။

မှန်ထဲက ပုံရိပ်ဟာ သူ တစ်ခါမှ မမြင်ဘူးတဲ့ သူစိမ်း တစ်ယောက် ဖြစ်နေတာပါပဲ။ သူ့မျက်နှာသူ ယောင်ယမ်းပြီး ကိုင်ကြည့်မိတယ်။

ဝိဇ္ဇာကြီး ပေးလိုက်တဲ့ လက်ထဲက ပုရပိုဒ် လွတ်ကျသွားတယ်။

ပြီးတော့ သူကိုယ်တိုင်လဲ နင်းမိ၊ နောက်က လိုက်လာတဲ့ သူတွေလဲ နင်းမိနဲ့ ပုရပိုဒ်ဟာ ဖတ်မရ အောင် စုတ်ပြတ်သတ် သွားပါတော့တယ်။

သူကတော့ ရွာပြင်ရောက်တဲ့ထိ လူတွေ တွန်းထိုး နှင်လွှတ်နေကြတဲ့ ကြားမှာ အကြောင်းသား ရွေ့လျားရင်း လူတွေ သူ့ကို မေးတဲ့ မေးခွန်းကိုပဲ သူဖာသာ အကြိမ်ကြိမ် ပြန်မေးနေမိတယ်။

"ငါ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရွက် (၄)

---

## ဝံပုလွေပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ပိုပြင်အပြင်က ဝံပုလွေ

ကျုပ်ဟာ ဝံပုလွေ တစ်ကောင်ပါ။

ဝံပုလွေ ဖြစ်တဲ့အတွက် ကျုပ်ကိုယ်ကျုပ် ဘယ်တုန်းကမှ မရှက်ခဲ့ဘူး။ ဝမ်းလည်းမနည်းခဲ့ဖူးဘူး။ ဒါပေမယ့် ကျုပ်မှာ ဒေါသထွက် ရတာတော့ ရှိတယ်။

ဘယ်နှယ့်ဗျာ၊ လောကကြီးကိုက မကောင်းတာ။ မတရားလိုက်ပုံများ။ နေရင်းထိုင်ရင်းနဲ့ ကျုပ်တို့ ဝံပုလွေတွေဟာ ယုတ်မာသတဲ့။ ကောက်ကျစ် သတဲ့။

ကျုပ်တို့က ဘာများ ယုတ်မာလို့တုန်း။ ကျုပ်တို့ အစာဖြစ်တဲ့ သားကောင်တွေကို ကျုပ်တို့တတ်စွမ်းသလို နည်းလမ်းနဲ့ ရှာဖွေစားသောက်တယ်။ ဒါကိုပဲ ယုတ်မာ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ခေါ်မလား။

တခြားအကောင်တွေကရော၊ သူတို့လည်း သားကောင်တွေ ဘာတွေ ဖမ်းပြီး စားကြတာပဲ။ သူတို့ကျတော့ ယုတ်မာတယ်လို့ မပြောကြဘူးဗျာ။

ဥပမာ ဇီးကွက်လို အကောင်မျိုး၊ မျက်လုံးကပြူးပြူးနဲ့ ညမှသာ ထွက်ရဲတဲ့ အဲဒီအကောင်ကိုကျတော့ ပညာရှိဇီးကွက်တဲ့။ လာဘ်ကောင်တဲ့။ ဧည့်ခန်းတွေ ဘာတွေထဲက စင်မြင့်တွေ ဘာတွေပေါ်မှာ တရိုတသေ ထားကြတယ်။

ကျုပ်တို့ကိုလည်း အဲဒီလိုပဲ ပညာရှိ ဝံပုလွေတို့၊ လာဘ်ကောင်ဝံပုလွေ တို့ဆိုပြီး သူလို စင်ပေါ်တင်ထားပါလားဗျာ။ ဘယ်လောက်များ ကျုပ်တို့ ကျေးဇူးတင်လိုက်မလဲ။

တကယ်တမ်း အဲဒီ ဇီးကွက်ဆိုတဲ့ ကောင်ကလည်း သူကိုယ်တိုင်တောင် တက်နေ ကောက်နေ ပင်ပန်းကြီးစွာ ရှာဖွေ စားသောက်နေရတဲ့ဥစ္စာ ပွားရေးတွေ ဘာတွေ တိုးအောင် ဘယ်လိုလုပ် လုပ်နိုင်မှာလဲ။

တိရစ္ဆာန်ခြင်း အတူတူဟာကို အဆင့်အတန်း ခွဲခံရတာလောက် အသည်းနာစရာ မရှိဘူးဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အံမယ်၊ ဒါတင်မကသေးဘူး။ ကျုပ်တို့က ဇာတ်သိမ်းလည်း ဘယ်တော့မှ မကောင်းဘူးဗျ။

ရှိသမျှ ပုံပြင်တိုင်းလိုလိုမှာ ကျုပ်တို့ဟာ အသေဆိုးနဲ့ သေရတာ တို့။ နောက်ဆုံးအရှက်ရပြီး ထွက်ပြေးရတာတို့ချည်းပဲ။

ကျုပ်တို့မှာဗျာ။ ကောက်လည်း ကောက်ကျစ်ရသေးတယ်။ ဘယ်တော့မှလဲ အနိုင်ရလိုက် တယ်ကို မရှိဘူး။

အထူးသဖြင့် ပုံပြင်တစ်ပုဒ်ထဲမှာဆို တော်တော့ကို ဆိုးတယ်။

အဲဒီပုံပြင်ထဲမှာ ကျုပ်တို့ဟာ ဘာမှမဟုတ်ပဲ နေရင်ထိုင်းရင်းကြီးကို အသက်ထွက်သွားရတယ်။ ကျုပ်တို့ မကောင်းကြံတယ်ဆိုတဲ့ သားကောင်ကိုလည်း ဘာမှ ဒုက္ခ မပေးလိုက်နိုင်ဘူး။

အဲဒီ ကောင်ကတော့ သိတောင်မှ သိလိုက်ရဲ့လား မသိပါဘူးဗျာ။

ပုံပြင်က ဒီလိုဗျ။

အားလုံးပဲ ကြားဖူးပြီးသားတော့ ဖြစ်မှာပါ။

တစ်ခါက ဝံပုလွေ တစ်ကောင်ဟာ သိုးတွေကို

www.burmeseclassic.com

www.burmeseclassic.com



စားချင်တဲ့ အတွက် (သူတို့အဆိုအရတော့) မကောင်းတဲ့ အကြံ အစည် တစ်ခုကို ကြံပါသတဲ့။ လုပ်ပုံကတော့ သူ (အဲဒီ ဝံပုလွေ)ဟာ သိုးအုပ် တစ်အုပ်ထဲကို သိုးရေခြုံ ဝင်သတဲ့။ သိုးယောင်ဆောင်ပြီး သိုးတွေကို ဖမ်းစားမယ် ပေါ့။

ဒါပေမယ့် ဘယ်သိုးကိုမှ မစားနိုင်ခင်မှာပဲ သူဟာ သိုးတွေကို ဖမ်းဖို့ချုံဖုတ်ထဲက စောင့်နေသူ မုဆိုးရဲ့ သိုးထင်ပြီး သူ့ဆီ ပစ်လိုက်တဲ့ လှံချက်နဲ့ သေဆုံးရပါ သတဲ့။

အဲဒီပုံပြင်ကို ကြားရတိုင်းပဲ ကျုပ်ရင်ထဲမှာ တနုံ့နုံ့ ခံစားရတယ်။ ယုတ္တိ မရှိလိုက်တဲ့ ပုံပြင်ကြီးကွာ လို့လည်း စိတ်ထဲမှာ အောင့်သက်သက်နဲ့။

ဘယ်နဲ့ဗျာ။

ကျုပ်တို့ ဝံပုလွေတွေဟာ အဲဒီ လောက်ပဲ သတ္တိ နည်းရမှာလား။ သိုးသားစားချင်တာများ အတင်းလိုက် ကိုက်ဖြတ်ပြီး စားလိုက်ရုံပေါ့။ သိုးဖမ်းတာပဲဗျာ။ ကျားဖမ်း တာမှ မဟုတ်ပဲ။ ဟန်ဆောင်ပြီး သိုးရေတွေ ဘာတွေ ခြုံနေဖို့ မလိုပါဘူး။

အခုတော့ ကျုပ်တို့ ဝံပုလွေ သိက္ခာကို သက်

www.burmeseclassic.com

www.burmeseclassic.com



သက် ချတာဗျ။

ဘယ်နှယ့်၊ အဲဒီ ဝံပုလွေဟာ သိုးရေခြုံပြီး သိုးအုပ်ထဲ တကယ်ပဲ ဝင်တယ် ထားပါဦး။ အဲဒီလို မလုပ်ခင် သူနဲနဲမှ မစူးစမ်းတော့ဘူးလား။

လှံတစ်ပစ် လောက်စာလေး အကွာမှာ မုဆိုး ရှိနေတာကိုတောင် မသိနိုင်အောင်ပဲ သူဟာ ထုံအ နေခဲ့သလား။ နောက်ပြီး မုဆိုးပစ်လိုက်တဲ့ လှံရဲ့ အသံ ကိုရော သူ မကြားဘူးလား။ အင်မတန် လျှင်မြန်တဲ့ မျိုးနွယ်ဝင်ဖြစ်တဲ့ အဲဒီဝံပုလွေဟာ လှံပစ်လိုက်သံကြားတဲ့ အချိန်မှာရော သူ မရှောင်နိုင်ဘူးလား။

သူများအုပ်စုထဲ ဝင်တဲ့အချိန် (အင်မတန် သတိ ရှိနေရမဲ့ အချိန်) မှာတောင် သူဟာ သတိလက်လွတ် ဖြစ်နေခဲ့ရလား။

တွေးရင်းတွေးရင်းနဲ့ ကျုပ်မှာ ဒေါသတွေ ဖြစ်သထက် ဖြစ်လာတယ်။ အံ တကြိတ်ကြိတ် တောက် တခေါက်ခေါက်နဲ့ အဲဒီ ယုတ္တိမရှိတဲ့ ပုံပြင်ကြီး ရှိနေတဲ့ အတွက် ဘယ်သူ့ကို အပြစ်ဆိုရမှန်းလဲ မသိဘူး။ ရက်ပေါင်းများစွာ ကျွန်တော်ဟာ အဲဒါကြီးနဲ့ ခေါင်းခဲပြီးတဲ့ နောက်မှာပဲ ဆုံးဖြတ်ချက်တစ်ခုကို ချမိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ အင်မတန် စွန့်စားရမယ့် ကိစ္စကြီး တစ်ခုဖြစ်တဲ့ ကျုပ်ကိုယ်တိုင် ပုံပြင်ထဲ ဝင်ဖို့ပါပဲ။

အတန်တန် စဉ်းစားခဲ့ပြီးမှ နောက်ဆုံး ထွက်လာတဲ့ ဒီနည်းလမ်းကသာ ကျုပ်ရဲ့ စိတ်ကို ကျေလည်စေခဲ့တယ်။ ဒီလောက်တောင် ယုတ်မာတယ်လို့၊ ကောက်ကျစ်လို့ အပြောခံရတဲ့ ဝံပုလွေ တစ်ကောင်အနေနဲ့ သိုးရေခြုံပြီးတော့ သိုးအုပ်ထဲက သိုးတစ်ကောင်ကို အောင်အောင်မြင်မြင် စားပြလိုက်ဦးမယ်။

ကျွန်တော့်ရဲ့ တကယ့်စိတ်ရင်းအတိုင်း ဆိုရင်တော့ 'သိုး'လောက်ကို ပြောင်ပြောင် တင်းတင်း ဖမ်းပြီးသာ စားမှာ ဖြစ်ပေမယ့် ကျွန်တော်တို့ ဝံပုလွေတွေ သိပ်မညံ့ကြောင်း ပြချင်တဲ့အတွက် ဖြစ်အောင်ကို လုပ်ပြဦးမယ်။ မုဆိုးရဲ့ အန္တရာယ်ရှိနေမှန်း သိပေမယ့်လည်း အဲ့ဒါကို လုပ်ဖြစ်အောင် ကျွန်တော် လုပ်ပြလိုက်ပါဦးမယ်။

အဲ့ဒီလို ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီးတာနဲ့ပဲ ကျွန်တော်ဟာ အသေအချာ ပြင်ဆင်ခဲ့ပါတယ်။

မုဆိုးကို အနံ့ခံဖို့၊ နားကို ရှင်ရှင်ထားနိုင်ဖို့၊ ဖျတ်လတ်သွက်လက်ဖို့နဲ့ သိုးတစ်ကောင်အဖြစ် ပိပိရိရိ သရုပ်ဆောင်နိုင်ဖို့ကိုပါ၊ ကျွန်တော် သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခဲ့တယ်။

သိပ်တော့လည်း မကြာလိုက်ရပါဘူး။ ရက်ကလေး နည်းနည်းလောက် ကြိုးစားလိုက်ရတာနဲ့ပဲ ကျွန်တော်ဟာ ခိုင်ခိုင်လုံလုံကို ပြီးပြည့်စုံသွားခဲ့ပါပြီ။ ပုံပြင်ထဲကို ဝင်ဖို့အတွက် ကျွန်တော်ဟာ သက်တောင့်သက်သာပဲ အသင့် ဖြစ်ခဲ့ပါ တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ပုံပြင်ထဲက ဝံပုလွေ

ကျွန်တော် ပုံပြင်ထဲဝင်တဲ့နေ့မှာ ပုံပြင်ထဲက ပတ်ဝန်းကျင်တစ်ခုလုံး အရှိုင်းဆန်ဆန် လင်းချင်းလှပနေတော့တယ်။

ဝံပုလွေတစ်ကောင် သူ့ထဲဝင်လာတာကို ပုံပြင်ဟာ လှလှပပ ကြိုဆိုပါတယ်။ ပတ်ဝန်းကျင်ကို ဖေ့ကြည့်ပြီး ကျွန်တော် လေကို တစ်ဝကြီး ရှူသွင်းလိုက်တယ်။ ခုပဲ လေထဲမှာတောင် ကျွန်တော့်အောင်မြင်မှုရဲ့ ရနံ့တွေ ရလိုက်သလိုပါပဲ။

သာယာလွန်းတဲ့ ပတ်ဝန်းကျင်ရှိတဲ့ ပုံပြင်ဟာ ကျွန်တော့်ကို စိတ်ကျေနပ်မှု အပြည့်ပေးခဲ့တယ်။ အခု

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံပြင်ထဲကို ရောက်ရတာဟာ အစဉ်အလာမှာ မှားယွင်းခဲ့တဲ့ ကိစ္စတစ်ခုကို ပြင်ဖို့၊ ကံကြမ္မာနဲ့ မုဆိုးကို ပြိုင်ပွဲတစ်ခုလို ယှဉ်ဖို့ ဖြစ်ပေမယ့် ကိစ္စက သိပ်လွယ်လွန်းတော့ ကျွန်တော့်မှာ စိတ်တောင် သိပ်မပါချင်ပါဘူး။

ဝတ္ထုရားရှိ ပါတယ်လေဆိုပြီးတော့သာ ကိစ္စကို မြန်မြန်လက်စသိမ်းဖို့ လုပ်ရတော့တယ်။

အရင်ဆုံး ကျွန်တော်ဟာ သိုးအုပ်ကို ရှာကြည့်တယ်။ သိပ်မခက်ခဲလိုက်ပါဘူး။ တောင်ခြေတစ်ခုမှာ ဝိုင်းဖွဲ့ ရပ်နေတဲ့ သိုးတွေကို တွေ့ရတော့တာပဲ။

တကုန်းကုန်းနဲ့ နေနေလိုက်ကြတာများ သိပ်နုံအတဲ့ ကောင်တွေ ဖြစ်မှန်း သိသာလွန်းလှပါတယ်။

ဒီကောင်တွေလောက် များ ငါ့မှာ မိန်းမလိုမိန်းမရ ဟန်ဆောင်နေစရာတောင် မလိုပါဘူးကွာလို့ တွေးလိုက်မိပေမယ့် လုပ်နိုင်တယ်ဆိုတာကို ပြဖို့အတွက် တစ်ခါတည်း ဝင်ဆွဲ ပစ်ချင်တဲ့စိတ်ကို ဖျောက်လိုက်ရပါတယ်။

အဲဒါနဲ့ သိုးရေခြုံဖို့ကိုသာ ကျွန်တော် လုပ်ရတော့တယ်။ သိုးရေခြုံမိတဲ့ အခါကျတော့ သိုးနံ့ကလည်းနံ၊ အိုက်ကလည်း အိုက်တာနဲ့ ဆက်မလုပ်တော့ဖို့ စဉ်းစားမိသေးတယ်။ သိုးအုပ်ဆီ ဆင်းလာမိတဲ့အခါကျတော့ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ အမှားအယွင်း ကြီးတစ်ခုကို ပြောင်းလဲနိုင်တော့မှာ ပါလားဆိုတဲ့ အသိနဲ့ ပြန်တက်ကြွမိပါတော့တယ်။

သိုးအုပ်တွေဆီ ကျွန်တော် ချဉ်းကပ်သွားရင်းနဲ့ သိပ်တောင် မလေ့လာလိုက်ရပါဘူး။ မုဆိုးရှိနေတာ ကိုလည်း ခပ်လွယ်လွယ် မြင်သိလိုက်ရတယ်။

သူဟာလည်း ပုံပြင်ထဲက မုဆိုးဆိုတော့ ပုံပြင် ထဲကအတိုင်းပေါ့။ သိုးအုပ် ကို လှံနဲ့ပစ်ဖို့ ခြုံတစ်ခုထဲမှာ ငုတ်တုပ်လေး။

ပုံပြင်အရ ဆိုရင်တော့ သူဟာ သိုးအုပ်ထဲမှာ ရှိနေတဲ့ ကျွန်တော့်ကို သိုးအမှတ်နဲ့ ပစ်အလိုက်မှာ ကျွန်တော်က သေကျေခဲ့ရတယ်ပေါ့။ ဒါပေမယ့် အခုမှာ-တော့ မင်းကံဆိုးတော့မယ် မုဆိုးရေလို့ တွေးပြီး ကျွန်တော် ရယ်ချင်တောင် သွားမိပါတယ်။

ကျွန်တော့်ရဲ့ အကြံအစည်က ကျွန်တော်ဟာ သိုးအုပ်ထဲ ဝင်သွားပြီး ခပ်ဆူဆူ ဖြိုးဖြိုး သိုးတစ်ကောင်ကို ရှာမယ်။ ပြီးတော့ အသာလေး ကိုက်သတ်ရင်း မုဆိုးက လှံနဲ့လှမ်းပစ်မှာကို ရအောင်ရှောင်ပြပြီး သိုးကို ကိုက်ချီ ထွက်ခဲ့မယ်ပေါ့။

ကျွန်တော့် မျက်စိနဲ့ နားကိုတော့ ရှင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ထားနေပါတယ်။ မုဆိုးက အချိန်မရွေး လှံနဲ့ ပစ်လိုက်နိုင်တယ် မဟုတ်လား။

ဒါပေမယ့် သိပ်မကြာလိုက်ခင်မှာပါပဲ ခပ်လွယ်လွယ်နဲ့ ကျွန်တော် စားဖို့ ရည်ရွယ်မယ့် ဆူဆူဖြိုးဖြိုးသိုးတစ်ကောင်ကို ရှာတွေ့တယ်။

အဲ့ဒီအကောင်ဟာ ကျွန်တော့်ကို ကျော့ပေးထားတယ်။ အ,ပုံလည်းရတယ်။ သူ့နား ဒီလောက် ကပ်တာတောင် ကျွန်တော့်ရဲ့အနံ့ကို သူမရတဲ့အတွက် သူ့ကို ကျွန်တော် အလွယ်တကူ ဖမ်းနိုင် လိမ့်မယ်လို့ ထင်ပါတယ်။

အားလုံး အသင့်ပြင်ထားပြီးတဲ့အခါကျတော့ မုဆိုးကို ကျွန်တော် စောင့်နေလိုက်တယ်။ ကျွန်တော့်သဘောက မုဆိုးက လှံနဲ့လှမ်းပစ်မှ သိုးကို ဂုတ်ကကိုက်ချီပြီး လှုလှုပပလေး လွတ်ထွက်သွားပြမယ်ပေါ့။

ဒါပေမယ့် အချိန်တွေသာ ကုန်လာတယ်။ မုဆိုးဘက်က လှုပ်ရှားမှုကို လုံးလုံးမစသေးတဲ့အတွက် ကြာတော့ ကျွန်တော့် စိတ်မရှည်နိုင် ဖြစ်လာရတယ်။ ခပ်မြန်မြန် ပြီးသွားရမယ့် ကိစ္စကို ဒင်းလုပ်တာ နဲ့အချိန်တွေကြာရတယ်လို့ ငြူဆူလာမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတဲ့အထိ မုဆိုးက မလှုပ်ရှားတဲ့ အခါမှာတော့ ကျွန်တော် သူ့ကို စောင့်မနေနိုင်တော့ပါဘူး။ သူ့ဟာ သူ ပစ်ပစ် မပစ်ပစ် ကျွန်တော် သိုးကို ကိုက်ချီသွားဖို့ကိုသာ စဉ်းစားမိတော့တယ်။

သူ့လှံတံကို လက်မတင်လေး မရှောင်ပြလိုက်ရပေမယ့် သိုးအုပ်ထဲကို သိုးယောင်ဆောင်ဝင်ပြီး သိုးတစ်ကောင် ဖမ်းပြနိုင်တယ်ဆိုရင်လည်း ပြီးတာပဲ မဟုတ်လား။

အဲဒါကြောင့်မို့ ကျွန်တော်ဟာ မုဆိုးကို သိပ်အရေးမထားတော့ဘဲ သိုးဖမ်းဖို့ကိုသာ အားစိုက်လိုက်တော့တယ်။ သတိကတော့ ဆက်ထားနေတုန်းပဲပေါ့။ မုဆိုးရဲ့ ကျွန်တော့်ဇီဝိန်ကို ချွေနိုင်တဲ့ လှံက အနားမှာတင် မဟုတ်လား။

အဲဒီလိုနဲ့ ကျွန်တော်ဟာ မူလ ရည်ရွယ်ထား တဲ့ ဆူဖြိုးဖြိုး သိုးဆီကို အနီးဆုံး တိုးသွားလိုက်တယ်။ တော်တော်လေး နုံပုံရတဲ့ သိုးဟာ ခုထိပဲ လုံးဝမသိပါဘူး။

ကျွန်တော့်ကို လည်စင်းပေးသလို ဖြစ်နေတဲ့ အဲဒီကောင်ကို သနားတောင် သနားမိတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ အဲဒီ သိုးကို ကိုက်ချီဖို့ လုပ်လိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်... အဲဒီအချိန်မှာပဲ ကျွန်တော် ထူးခြားချက်တစ်ခုကို သွားသတိပြုမိတယ်။ အဲဒါကတော့ ဒီသိုးဟာ တစ်မျိုးဖြစ်နေတာပါပဲ။ သိုးဟာ အနီးကပ်လိုက်တော့မှ ဆူးဖြိုးတာမဟုတ်ဘဲ အနည်းငယ်လိုလို ပွယောင်းယောင်း ဖြစ်နေတယ်။

ကြည့်ရတာလည်း တစ်မျိုးပဲ။

ကျွန်တော့်စိတ်ထဲ မသိုးမသန့် ဖြစ်လာတာနဲ့ ခဏရပ်လိုက်မိတယ်။ နောက်ပြန်ကိုက်မလို့ လုပ်လိုက်၊ ပြီးတော့ ဝေခွဲ မရဖြစ်လိုက်နဲ့ နောက်ဆုံးကျမှ စိတ်ရှင်းသွားအောင် သိုးကို သေသေချာချာ ဆန်းစစ်ကြည့်ဖို့ ဆုံးဖြတ်လိုက်မိပါတော့တယ်။

ကျွန်တော်ဟာ ငြိမ်နေတဲ့ သိုးရဲ့ အရှေ့ဘက်ဆီကို သွားလိုက်တယ်။ သိုးနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်ဖို့ ပြင်လိုက်တယ်။ ပြီးတော့... ။ မျက်နှာချင်းဆိုင်မိကြတယ်ဆိုရင်ပဲ ကျွန်တော့် တစ်ကိုယ်လုံး ဆတ်ကနဲ တုန်သွား မိပါတော့တယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဖမ်းဖို့ ရည်ရွယ် မိတဲ့ သိုးဟာ မယုံနိုင်စရာ ကောင်းလောက်အောင်ပဲ... ဝံပုလွေ တစ်ကောင်သာ ဖြစ်နေတာ ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပါ။

ကျွန်တော့်လို သိုးရေခြုံထားတဲ့ အဲဒီ ဝံပုလွေကို မြင်တဲ့အခါ ကျွန်တော် အရမ်းပဲ စိတ်ခတ်ကျသွား ခြောက်ခြား သွားခဲ့တာဟာ ဘယ်လိုမှ ဣန္ဒြေဆောင်လို့ မရပါဘူး။ ဒါ ဘယ်လိုများ ဖြစ်ရတာလဲ။ ကျွန်တော့်ကိုယ် ကျွန်တော် မေးခဲ့မိတယ်။ အဖြေက မရှိပါဘူး။ အချိန် ကလည်း တရွေ့ရွေ့နဲ့ တော်တော် လင့်နေပါပြီ။ ဒီလိုနဲ့ မထူးတော့ပြီမို့ စိတ်ကို ပြန်ထိန်းပြီး တခြားရှိနေတဲ့ သိုး တွေဆီ လှည့်ရပါတော့တယ်။

BURMESE CLASSIC

ဒီတစ်ခါလည်း သိပ်မခက်ခဲလှပါဘူး။ လွယ်လွယ် ပဲ ဆူဆူဖြိုးဖြိုး သိုးတစ်ကောင်ကို ရှာတွေ့တယ်။ အဲဒီလို တွေ့တာနဲ့ တစ်ပြိုင်တည်းပဲ သူ့ရဲ့ ထူးခြား နေမှုကိုလည်း သတိပြုသွားမိပါတယ်။ စိုးရိမ် ထိတ်လန့်စိတ်တွေနဲ့ အဲဒီ သိုးဆီ ကြည့် တော့လည်း သူဟာ ဝံပုလွေ တစ်ကောင်သာ ဖြစ်နေပြန်ပါတယ်။

ညိုးငယ်နေတဲ့ စိတ်နဲ့ နောက်ထပ် သိုးတွေဆီကို ကျွန်တော် လှည့်မိတော့တယ်။ တစ်ကောင်ပြီး တစ်ကောင် မဆူဖြိုးရင်လည်းနေ ရရာကို ဖမ်းတော့မယ်ဆိုတဲ့ စိတ်နဲ့ ဘယ်လိုပဲ ရှာဖွေခဲ့လဲ ဝံပုလွေတွေကိုသာ တွေ့ခဲ့ရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားလွန်း လှဟာပါပဲ။

ပင်ပန်းကြီးစွာနဲ့ ကျွန်တော်ဟာ သိုးအုပ်တစ်ခုလုံးကို လှည့်ခဲ့ပေမယ့် သိုးဆိုလို့ တစ်ကောင်တစ်မြီးမှကို မတွေ့မိဘဲ ဝံပုလွေတွေကိုသာ တွေ့ရတယ်။ သိုးအုပ်တစ်အုပ်လုံးဟာပဲ ဝံပုလွေတွေ ဖြစ်နေခဲ့ပါတယ်။

ငါ ဘာလုပ်ရမလဲလို့ပဲ ကိုယ့်ကိုကို မေးမိတယ်။ ဟီးချပြီးတော့ ငိုရလေမလား။ ဝမ်းပဲ သာရလေမလား တွေးရင်း နောက်ဆုံးသေချာ သွားမိတာကတော့ ကျွန်တော် ရှုံးပြီဆိုတာပါပဲ။ ကျွန်တော်ဟာ သိုးလေးတစ်ကောင်ကိုတောင်မှ အောင်အောင်မြင်မြင် ဖမ်းဆီးနိုင်သူ မဖြစ်တော့ပါဘူး။

BURMESE CLASSIC

ချက်ချင်းပဲ ကျွန်တော့်မှာ အနာဂတ် ပျောက်သွားသလို ခံစားမိတယ်။

အဲဒီအချိန်ကျမှပဲ မုဆိုးရဲ့ လှံချက်က ရောက်လာပါတော့တယ်။ ကျွန်တော် မရှောင်မိဘူး။ ရှောင်နိုင်ဖို့လည်း အားမရှိတော့ဘူး။ စိတ်မသက်သာစွာ နဲ့ဘဲ ကျွန်တော်ဟာ မုဆိုးရဲ့ လှံဖျားမှာ အသက်ပါခဲ့ရပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ၃။ ပုံပြင်ထဲက မုဆိုး

ကျွန်တော်ဟာ ဘဝကို ပုံပြင်ထဲကအတိုင်း တိတိကျကျ လျှောက်လှမ်းသူပါ။ မုဆိုးဖြစ်တဲ့ အတိုင်း သားကောင်ကို ဖမ်းဖို့သာ ရည်ရွယ်ခဲ့တယ်။ ကျွန်တော် ဖမ်းချင် တာကတော့ သိုးတစ်ကောင်ပါ။ သိုးရေခြုံထားတဲ့ အဲဒီဝံပုလွေကို မဖမ်းမိခင် အချိန်တုန်းက ကျွန်တော်ဟာ သူ့ကို သိုးတစ်ကောင်လို့ပဲ ထင်နေမိတယ်။

သူဟာ သိုးအုပ်ထဲမှာ ရောနေတဲ့အတွက် သိုးတစ်ကောင်က လွဲရင်လည်း ဘာဖြစ်နိုင်မှာမို့လဲ၊ နောက်ပြီး သူ့ပုံစံက အတော်လည်း ရိုးပုံ၊ အပုံ ရပါတယ်။

ဒါကြောင့်မို့လဲ သူ့ကို သိုးလို့သာ ထင်ခဲ့မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ကို လှံနဲ့မပစ်ခင်မှာ ကျွန်တော်ဟာ အကြောင်းတစ်ခုကြောင့် အကြာကြီး တွေဝေနေခဲ့ပါတယ်။ နောက်တော့မှ ခေါင်းထဲက အတွေးကို နှင်ထုတ်ပြီး ပစ်လိုက်ရတယ်။

လှံ့ချက်ထိလို့ လဲကျသွားတဲ့အခါကျတော့ ကျွန်တော် အပြေးပဲ သွားကြည့်မိတယ်။ ကျွန်တော့် ရင်ထဲကို ဆို့သွားစေခဲ့တာပါပဲ။

သူဟာ... သိုးရေခြုံထားတဲ့ ဝံပုလွေတစ်ကောင်သာ ဖြစ်နေခဲ့တယ်။

BURMESE CLASSIC

အဲဒါနဲ့ ကျွန်တော်လည်း တခြားသိုးတွေကို ဖမ်းဖို့ လုပ်ရတယ်။

လှံနဲ့ ပစ်နိုင်တဲ့ ကောင်လည်းပစ်၊ ပြေးတဲ့ကောင်လည်းပြေး၊ အနားမှာ ကြိုထောင်ထားတဲ့ ညှတ်ကွင်းတွေ မိတဲ့ကောင်ကလည်းမိနဲ့ တကယ်တမ်းကျတော့ သိုးတွေ အကုန်ဟာ ဝံပုလွေသာ ဖြစ်နေခဲ့တယ်။

အဲဒီမှာ ကျွန်တော်ကို လှံမပစ်ခင် အကြာကြီး တွေဝေစေခဲ့တဲ့ အတွေးကို ဝမ်းနည်းစွာ အတည်ပြုလိုက်ရပါတော့တယ်။

တကယ်ပဲ ကျိန်းသေပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့တာလည်း ကြာပြီ။ အတွေ့အကြုံတွေလည်း များပါပြီ။

သေချာတာကတော့ ဒီလောကမှာ သိုးဆိုတာ လုံး၀ (လုံး၀) မရှိပါဘူး။ တကယ်တမ်း သိုးအုပ်တွေ ဆိုတာဟာလည်း ၀ံပုလွေတွေက သိုးရေတွေ ခြုံထားကြတာ ချည်း ပါပဲ။

BURMESE CLASSIC

www.burmeseclassic.com